မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၅၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးသင့်ဒေသမှ ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး

ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ အမြန်ဆုံးပြုပြင်တည်ဆောက် မိုးစပါးစိုက်ကေများ အပြည့်အဝ အချိန်မီစိုက်ပျိုး၊ အထွက်နှုန်းတိုးရေး ကြိုးပမ်း

နေပြည်တော် ဇွန် ၁၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြောင်းမြမြို့ ဂုန်နီစက်ရုံသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့အား စက်ရုံဧည့်ခန်းမ၌ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်က မြောင်းမြမြို့၌ လပွတ္တာမြို့နယ်မှ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးမှု၊ ၎င်းတို့၏ဆန္ဒအရ နေရပ်ဒေသသို့ ပြန်သူများအား နေထိုင်၊ စားသောက်ရေး အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် နေရပ်သို့ မပြန်လိုဘဲ မြောင်းမြမြို့နယ်အတွင်း နေလိုသူများအတွက် နေရာချထားပေးရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဒီဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပေါ် အခြေခံမှု ရှိ/မရှိဆိုတာနဲ့ ပတ်သက်လို့ ဆန်းစစ်ကြည့်ရင် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ကြန်အင်လက္ခဏာများကို အခိုင်အမာ အာမခံချက်ပေးထားပါတယ်။ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးပေါ်မှာ အခိုင်အမာအခြေခံထားကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

အောင်ဇေမင်း၏ ဆောင်းပါး စာ - ၈

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး **H.E. Mr. Dao Viet Trung** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး **H.E. Mr.Dao Viet Trung** နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး **H.E. Mr.Tran Van Tung** လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၁၇ ရက်)

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အရိပ်ရသစ်ပင်၊ ပျိုးပင်များ စိုက်ပျိုး

ကမ္ဘာတစ်ဝန်း၌ လေထုကြီးပူနွေးလာမှုနှင့်အတူ သစ်တောများပြုန်းတီးမှု၊ သဲကန္တာရများဖြစ်ပေါ်လာမှုအား တွေ့ကြုံနေကြရသည်။ ယခုအခါ နိုင်ငံအများအပြားက ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် သစ်တောသစ်ပင်များ တိုးချဲ့စိုက်ပျိုးပြီး သဘာဝ ပတ်ဝန်းကျင် ကောင်းမွန်စေရေး ထိန်းသိမ်းထူထောင်လျက် ရှိသည်။

သစ်တောသစ်ပင်ထူထပ်ရာဝန်းကျင်သည် အပူအအေးညီညွတ်မျှတပြီး မြေဆီသြဇာ သဘာဝကိုကောင်းမွန်စေသည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ တွင်းထွက်သဘာဝသယံဇာတ အရင်းအမြစ်များ စနစ်တကျထိန်းသိမ်းပြီး ဒေသအလိုက် သစ်တောများ၊ သဘာဝနယ်မြေများ၊ သဘာဝစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။ အပူပိုင်းဒေသ ၁၃ခရိုင်တွင်လည်း ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။

သစ်တောသစ်ပင်များသည် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေးကိုသာမက နိုင်ငံ့စီးပွားအတွက် အားထားရသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ များစွာအကျိုးပြုလျက်ရှိသည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးအတွက် နှစ်စဉ်မိုးရာသီရောက်တိုင်း ကျွန်းနှင့် အရိပ်ရသစ်ပင် အမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးကြမြဲဖြစ်သည်။

ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်၌ ပျိုးပင်ပေါင်း ခြောက်သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် သစ်တောဦးစီးဌာနက ရန်ကုန်တိုင်း သစ်တောကြိုးဝိုင်းများအတွင်း စီးပွားရေးစိုက်ခင်းအနေဖြင့် ကျွန်းစိုက်ခင်းဧက ၁၅၀၀၊ ဆည်နှင့်ရေလှောင်တမံများ၏ ရေဝေရေလဲ နေရာများတွင် ရေဝေရေလဲ စိုက်ခင်းဧက ၁၂၀၀တို့ကို မေလပထမပတ်မှစ၍ စိုက်ပျိုးလျက်ရှိသည်။

သို့ဖြစ်ရာ သစ်ပင်၊ ပန်းပင်၊ ပျိုးပင်ပေါင်းများစွာကို မိုးရာသီကာလအတွင်း သက်ဆိုင်ရာဌာနများနှင့် ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်စိုက်ပျိုးကြခြင်းဖြင့် ရာသီဥတုညီညွတ်မျှတပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် အတွက် တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် လယ်ယာရွှေမြေလမ်း တိုက်အမှတ် ၈၇စသုံးလွှာနေဦးမောင်မောင်ကြိုင်အား ရည်စူး၍ ဇနီး ဒေါ်ခင်သန်းစီကို၊ သားကြီး ကိုသော်တာကြိုင်နှင့် မရွှေမင်း၊ သားငယ် ကိုသော်ဇင်ကြိုင်၊ မြေး လပြည့်ဖူးဖူးမိသားစုက ကိုးလက်မပတ်လည် ရွှေပြားကိုးချပ် တန်ဖိုးငွေကျပ်၁၃၇၂၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။(အောက်ပုံ)

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် လှူဒါန်းလိုသည့်အလှူရှင်များ အနေဖြင့် စေတီတော်ဂေါပကရုံးဖုန်း-၆၆၀၀၀၆ နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်းကွန်းဆရာတော် ရုပ်တုဆောင် ပြင်ဆင်မွမ်းမံတည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အလှူရှင်က ငွေကျပ်ဂ၄သိန်းလှူဒါန်း

ရန်ကုန် ဇွန် ၁၆

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် ယမန်နေ့ နံနက် ၈နာရီက သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) ဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အလှူရှင် Mr. Tongariodjo Angkasa နှင့်ဇနီး Mrs.Henniyo Angkasa တို့အား လက်ခံတွေ့ဆုံသည်။

ထို့နောက် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ မင်းကွန်းဆရာတော် ရုပ်တုဆောင် ပြင်ဆင်မွမ်းမံ တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များကငါးပါးသီလခံယူဆောက်တည်ကြသည်။

လှူဒါန်း

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အလှူရှင် Mr.Salimin Angkasaနှင့် Mrs.Supina တို့အား အမှူးထား၍ သား Mr. Tongariodjo Angkasa နှင့်ဇနီး Mrs. Henniyo Angkasaတို့က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ မင်းကွန်းဆရာတော် ရုပ်တုဆောင် ပြင်ဆင်မွမ်းမံရန်အလှူငွေကျပ်ဂ၄သိန်းပေးအပ်လှူဒါန်းသည်။

ရေစက်ချ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တက်ရောက်

ဝန်ကြီးသည် ညနေ၄နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(ရန်ကုန်ရုံးခွဲ)၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် မိသားစုတို့က လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်း ဒွိစုံ အစုံ၅၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း စာသင်ကျောင်းများအတွက် ယူနီဆက်(ဖ်)က သွပ်၊ သွပ်သံများ လှူဒါန်း

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်းမြို့နယ်ရှိ စာသင်ကျောင်းများအတွက် UNICEF က သွပ်၊ သွပ်သံများ လှူဒါန်းလျက်ရှိရာ ပထမအကြိမ် သွပ်ချပ်ရေ ၂၆၀၀နှင့် သွပ်သံများ၊ ဒုတိယအကြိမ် သွပ်ချပ်ရေ၁၆၅၀နှင့် သွပ်သံများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ သွပ်နှင့်သွပ်သံများကို ဇွန်၁၆ရက်မှစတင်၍ မြို့နယ်အတွင်း ကျေးရွာစာသင်ကျောင်းများသို့ စတင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းပေးသည့် သွပ်ချပ်ရေ၃၀၀၀နှင့် သွပ်သံများကို မော်လမြိုင်ကျွန်းမြို့နှင့် ကျေးရွာစာသင်ကျောင်းများသို့ ဖြန့်ဝေပေးထားခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖခင်ကြီး ဦးကိုကိုလေးအား ရည်စူး၍ အမှတ် ၂၁ ရွှေတောင်ကုန်း ရိပ်သာအင်းလျား မြိုင်လမ်း ဗဟန်းမြို့ နယ် နေ ဒေါ်ညွန့်ညွန့်ဝေ မိသားစုက ဗဟန်းမြို့နယ်ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အ လှူ ငွေ ကျပ် ခြောက်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်သောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၇၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၃၀)(ဇာတ်သိမ်းပိုင်း)

နိုင်ငံတော်ကြီး အရှိန်အဟုန်မပျက် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားအောင်ကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးမှုကို ဝိဇ္ဇာသိပ္ပံနှင့် နည်းပညာစွမ်းအားတို့ဖြင့်မြှင့်တင်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်တွဲ ရပ်တည်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံ၌ ရည်မှန်းချက်မြင့်မြင့်မားမားထားရှိပြီး မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာရပ်များ၏ အရေးပါမှုနှင့် ပညာရှင်များ၏ ပဓာနကျသည့် အခန်းကဏ္ဍတို့ကို အသိအမှတ်ပြုပြီး အားထားဆောင်ရွက်လျက်လည်း ရှိပါကြောင်း။

အားသွန်ခွန်စိုက်

နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရချိန်ကစတင်ပြီး နိုင်ငံအတွင်း ရှိနေသည့် ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ၊ ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ စွမ်းအားကို အခြေခံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပင် ဆည်မြောင်းတာတမံများ၊ မြစ်ကူးချောင်းကူး တံတားကြီးများနှင့် လမ်းမကြီးများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ စသည့် အခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းများကို သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ၏ စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သကဲ့သို့ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းနှင့် အရည်အသွေး မြှင့်တင်မှုများကိုပါ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ဤသို့ ဆောင်ရွက်ခဲ့သဖြင့် ယခင်အခါက ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံ အဆောက်အအုံဟု ပြောပလောက်အောင်မရှိခဲ့သည့် အခြေအနေကနေ ခေတ်မီနည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ အခြေအနေကို တက်လှမ်းရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမြော်အမြင်ကြီးမား

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အမြော်အမြင် ကြီးမားသည့် လမ်းညွှန် ထိန်းကျောင်းမှုများနှင့်အညီ ရေရှည် အနာဂတ်ကို မျှော်တွေးပြီး အဘက်ဘက်က ပြင်ဆင်ကြိုးပမ်း ဆောင်ရွက်လာခဲ့မှုများသည် ယနေ့ နာဂစ်မုန်တိုင်းဒဏ်ကဲ့သို့ မမျှော်လင့်သော အရေးကိစ္စ ကြုံတွေ့လာရချိန်တွင် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်သည့် အင်အားများ ဖြစ်လာရခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများ၏ စားဝတ်နေရေးနှင့် ပတ်သက်၍ နိုင်ငံ၏ ဒေသအသီးသီးကို ဆန်စပါးဖူလုံ ပိုလျှံစေရအောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပြီး အားပေးဆောင်ရွက်ခဲ့သကဲ့သို့ စစ်ကိုင်းတိုင်းကိုလည်း ဧရာဝတီတိုင်းနှင့် မခြားတိုင်းပြည်၏ ဆန်အိုးကြီး ဖြစ်ရေး၊ တနင်္သာရီတိုင်းကို မကွေးတိုင်းနှင့်မခြား တိုင်းပြည်၏ ဆီအိုးကြီးဖြစ်ရေး မျှော်မှန်းတည်ဆောက်ပေးခဲ့သည့်အတွက် ယနေ့ ဆိုလျှင် မည်သို့ပင် အရေးကြုံပါစေ တိုင်းပြည်တွင် စားရေးအတွက် ဖူလုံပိုလျှံနေသည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

လွယ်ကူချောမွေ့

အလားတူပင် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို အဆင့်မြှင့်တင်ပေးထားမှုကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်တင်လေယာဉ်အကြီးစားများ ဆင်းသက်နိုင်နေပြီဖြစ်သကဲ့သို့ ပုဂ္ဂလိက ကဏ္ဍတွင်သာမက နိုင်ငံတော်ပိုင်ကဏ္ဍတွင်လည်း အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြင့် ခေတ်မီ ကုန်တင်ကုန်ချ ကိရိယာများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီး ကုန်တန်ချိန် ၁၅၀၀၀ဆံ့ ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ပြီးဖြစ်သည့်အတွက် ယနေ့ နိုင်ငံတကာက လေဘေးကူညီ ကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို ရန်ကုန်မြို့အရောက် လွယ်ကူချောမွေ့စွာ ပို့ဆောင်ပေးနိုင်နေခြင်း ဖြစ်ကြောင်း။

ထို့အပြင် ဧရာဝတီတိုင်းအတွင်း မြစ်ချောင်းများကို ဖြတ်သန်းပြီး လမ်းမကြီးများ၊ တံတားကြီးများကို ရည်မှန်းချက်ရှိရှိ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယနေ့ ဧရာဝတီတိုင်းရှိ လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ပစ္စည်းများကို လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်လျက်ရှိကြောင်း။

အထောက်အကူပြု

ထို့အတူ ကြိုတင်ပြုစု ပျိုးထောင်ထားသည့် အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ သမားတော်ကြီးများနှင့် ဆရာဝန် ဆရာမများသည် လူ့စွမ်းအားအရင်းအမြစ်များ၏စွမ်းအား၊ နိုင်ငံတော်က ဦးဆောင်စည်းရုံး အားပေးထူထောင်ထားသည့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားများသည် လေဘေးသင့် ဒေသများ၏ ကယ်ဆယ်ရေးနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးမှုလုပ်ငန်းများ၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်စေရန် အထောက်အကူပြု ပေးလျက်ရှိခြင်းကို တွေ့နိုင်ကြောင်း။

အဓိကအားဖြင့် နိုင်ငံတော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေသည့် အမျိုးသား စည်းလုံးညီညွတ်မှု စွမ်းအားကို ယခုကဲ့သို့ တိုင်းပြည်အတွက် အရေးကြုံရချိန်၌ ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရခြင်းပင်ဖြစ်ကြောင်း။

လွန်စွာအားရ

နိုင်ငံနှင့် အဝန်းမှာ ရှိကြသည့် ပြည်သူအပေါင်းသည် တစ်နေရာ၌ အရေးဒုက္ခကြုံတွေ့ရချိန်တွင် မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ခဲ့ကြခြင်းမှာ လွန်စွာမှ အားရဖွယ်ပင်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံ၏ အနာဂတ် တည်ငြိမ်ခိုင်မာရေးအတွက် ပဓာနကျလှသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီး၌ ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်း လာရောက် ဆန္ဒမဲပေးခဲ့ကြပြီး အဆိုပါ ဆန္ဒမဲပေးသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးအတွက် တစ်ခဲနက် ထောက်ခံခဲ့ကြခြင်းသည် ပြည်သူများ၏ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် နိုးကြားတက်ကြွ ရှင်သန်မှုကို ပေါ်လွင်ထင်ရှားစွာ ဖော်ညွှန်းပြသလိုက်ခြင်းပင် ဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်းများ

ဤတိုးတက် ဖြစ်ထွန်းမှုများသည် နိုင်ငံတော်အနေဖြင့် ပညာရေးကို အခြေစိုက်ပြီး ကျောင်းသူ ကျောင်းသား မျိုးဆက်သစ် လူငယ်များ အပါအဝင် ပြည်သူအများကို စိတ်ဓာတ်နှင့် ပညာရည် အရည်အသွေးကိုပါ နှစ်ဖက် မျှတစွာ တိုးတက်မြင့်မားလာစေရအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများဟု ဆိုရမည်ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူအများစုကြီးသည် နိုင်ငံတော်က ထူထောင်ပေးထားသည့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ Internet ဆက်သွယ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် အရည်အသွေးနှင့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည့်အတွက် နိုင်ငံတကာ အတွေးအမြင်သစ်များနှင့် အခြေအနေ အရပ်ရပ်ကို သုံးသပ်ဆင်ခြင်နိုင်စွမ်းရှိပြီး အမြင်ကျယ်ကျယ်၊ အတွေ့အကြုံ ပြည့်ပြည့်ဝဝဖြင့် အမျိုးသားရေးအတွက် ကြိုးပမ်း ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

ခိုင်မာဖြစ်ထွန်း

တစ်ဖက်မှာလည်း ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှု၊ လူနေမှုဘဝ တိုးတက်မြင့်မားမှု အခြေခံကောင်းများသည် ပြည်သူများကို လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့်တကွ နိုင်ငံကြီးသားပီသစွာ မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ယုံကြည်ကိုးစား ဂုဏ်ယူတတ်သည့် အလေ့အထများ၊ တစ်နည်းပြောရလျှင် လူမှု အရည်အသွေးနှင့် စိတ်ဓာတ်ရေးရာ စွမ်းအားများကိုပါ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစေလျက် ရှိနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော်ကြီး အရှိန်အဟုန်မပျက် ဘက်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်စုံတွင် နိုင်ငံတကာအဆင့်မြင့် သိပ္ပံနှင့် နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းနေရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၌ တိုးပွားဖြစ်ထွန်းနေရန် ပညာရေးကဏ္ဍက ဆက်လက်ကြိုးပမ်း စွမ်းဆောင်ပေးရင်း နိုင်ငံ၏ ဖွံ့ဖြိုးမှုကို တစ်ရှိန်ထိုး မြှင့်တင်ပေးနိုင်စေရေး take-off ဖြစ်စေရေးအတွက် ဝိဇ္ဇာ သိပ္ပံနှင့် နည်းပညာစွမ်းအားဖြင့် မြှင့်တင်ဆောင်ရွက်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ ၂၉၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ Dr. Thein Win, ICT Consultant, T- Mobile Germany& UK မှ " The Chances and Challenges of Myanmar ICT in the Globalization" ခေါင်းစဉ်ဖြင့် ဇွန် ၂၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက် Main Building, Conference Hall တွင် ဆွေးနွေးဟောပြောမည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း ၄ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၆

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ရက် နံနက် ၉နာရီခွဲခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သပြေကုန်းကျေးရွာနေ ဦးဖိုးတော၏သား ဦးကျော်ငွေ အသက် (၃၆)နှစ်သည် ဘင်မြဲချောင်းသို့ မျှစ်ချိုးရန်သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲပြီး ဦးကျော်ငွေ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်မှပြတ်ကာ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ နံနက် ၁၀နာရီခွဲခန့်တွင် ရွှေကျင်မြို့နယ် ဘောဂထကျေးရွာနေ ဦးချစ်ဖိုး၏သား ဦးဂျိုးကြာ အသက် (၄၅)နှစ်သည် ဇနီးဖြစ်သူ ဒေါ်ကြွယ်နှင့်အတူ ကျွဲပျောက်ရှာရန်အတွက် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ဦးဂျိုးကြာ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြသည့် ဦးကျော်ငွေအား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဦးဂျိုးကြာအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများနှင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောင်းကျန်းသူများထောင်ထားသည့်မိုင်းတစ်လုံးပေါက်ကွဲ ထန်းတပင်မြို့နယ်မှ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဇွန် ၁၆

ပဲခူးတိုင်း ထန်းတပင်မြို့နယ် အောင်သုခရပ်ကွက်နေ ဦးသိန်းငွေ (၃၅)နှစ်သည် အဖော်များနှင့်အတူ ကရင်ပြည်နယ် မြစ်ငန်းချောင်း၌ သွားရောက်ရွှေကျင်ပြီး ပြန်လာစဉ် ဇွန် ၁၁ရက် ညနေ ၃နာရီတွင် ကရင်ပြည်နယ် မူးချောင်းဝ၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ရရှိသောဒဏ်ရာများကြောင့် ယင်းနေ့ ည၉နာရီတွင် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်သွေးကြွများအား တိုက်ခိုက်ရန် တပ်များစေလွှတ်မည် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း ခြိမ်းခြောက်ပြောကြား

ကဘူးလ် ဇွန် ၁၆

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပါကစ္စတန်နိုင်ငံအတွင်းရှိ စစ်သွေးကြွများအား ရင်ဆိုင်တိုက်ခိုက်ရန် တပ်များစေလွှတ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်လိုက်သည်။

ပါကစ္စတန်နိုင်ငံအတွင်းမှ စစ်သွေးကြွများသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အာဖဂန်လူမျိုးများနှင့် ညွှန့်ပေါင်းတပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့်အတွက် လက်တုံ့ပြန်တိုက်ခိုက်ရန် အခွင့်အလမ်းရှိကြောင်း ၄င်းက ပြောကြားလိုက်သည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း

မှတ်ချက်ပြုပြောကြား

တာလီဘန် တိုက်ခိုက်ရေးသမားများသည် အာဖဂန်အကျဉ်းထောင်ကို တိုက်ခိုက်ပြီးနောက် ရာပေါင်းများစွာသော အကျဉ်းသားများ ထောင်ဖောက်ထွက်ပြေးပြီး နှစ်ရက်အကြာ သမ္မတကာဇိုင်းက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

သို့သော် ပါကစ္စတန်နိုင်ငံက ထိုသို့နယ်စပ်ဖြတ်ကျော်ဝင်ရောက် တိုက်ခိုက်ခြင်းမပြုရန် အာဖဂန်နစ္စတန်နိုင်ငံအား သတိပေးပြောကြားလိုက်သည်။ ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နှစ်နိုင်ငံကြား နယ်စပ်တွင် ရဲကင်းများ တင်းကျပ်စွာချထားရန် ပါကစ္စတန်ဝန်ကြီးချုပ် ယူစွပ်ရာဇာ ဂီလာနီက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

နယူးယောက် ဇွန် ၁၆

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇွန် ၁၆ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၈°C	လေပြင်းတိုက်၊ မိုးရွာ
ဂျပန်	တိုကျို	၂၉°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၄°C	လေပြင်းတိုက်၊ မိုးရွာ
သြစတြေးလျ	ဆစ်ဒနီ	၁၇°C	လေပြင်းတိုက်
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၅°C	သာယာ
ရုရှား	မော်စကို	၂၁°C	မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၁၈°C	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၂၀°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၃၀°C	တိမ်ထူထပ်

(အင်တာနက်)

အပြည်ပြည်ဆိုင်ရာ နဂါးလှေ ဖိတ်ခေါ် ပြိုင်ပွဲ နန်နင်းမြို့၌ ကျင်းပ

နန်နင်း ဇွန် ၁၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့၌ ငါးကြိမ်မြောက် နန်နင်း အပြည်ပြည်ဆိုင်ရာ နဂါးလှေ ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန်၁၃ရက်က စတင်ကျင်းပခဲ့သည်။

ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့တရုတ်၊ မကာအို၊ သြစတြေးလျ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အားကစားအသင်း ၄၄သင်း၊ အားကစားသမားပေါင်း ၁၁၀၀ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပါဝင်

ပြိုင်ပွဲများတွင် အုပ်စုလိုက် မီတာ ၅၀၀၊ မီတာ၈၀၀နှင့် ၁၂ဦး တန်း ပြိုင်ပွဲ၌ မီတာ ၂၅၀နှင့် မီတာ ၅၀၀ ပြိုင်ပွဲများ ပါဝင်သည်။

ဖော်ပြ

ဇွန်၁၄ရက်က မီတာ၅၀၀ အုပ်စု ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ ကွမ်စီ အမျိုးသားတက္ကသိုလ်အသင်းကပထမ ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရီပတ်ဘလီကင် သမ္မတလောင်းပြိုင်ပွဲ စွန့်လွှတ်လိုက်ပြီဟု ဂျွန်ပေါလ်ကြေညာ

ဝါရှင်တန် ဇွန် ၁၆

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် ဝင်ရောက်ရေးကြိုးပမ်းသူ ဂျွန်ပေါလ်ကသူ၏ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းကို ဇွန် ၁၄ရက်က တရားဝင်စွန့်လွှတ်လိုက်ပြီး နိုင်ငံရေးလောကတွင် သူဆက်လက်ရှိနေရန် ဆုံးဖြတ်ထားသည်ဟု ဆိုသည်။

ဆက်လက်ယှဉ်ပြိုင်

အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် မတ်လအတွင်းက သေချာသွားပြီးနောက် ဂျွန်မက်ကိန်းနှင့် ဆက်လက်ယှဉ်ပြိုင်ရန် ဂျွန်ပေါလ်တစ်ဦးသာလျှင် ကျန်တော့သည်။ အခြားပြိုင်ဘက်များမှာ ပြိုင်ပွဲမှ အသီးသီး ထွက်ကုန်ကြပြီဖြစ်သည်။

ဂျွန်ပေါလ်က သမ္မတရွေးကောက်ပွဲတွင် ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်ရေးကို လက်မြှောက်အရှုံးပေးလိုက်သော်လည်း ဂျွန်ပေါလ်က လွတ်လပ်ရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

တာဝန်ယူခဲ့

သူ့အစီအစဉ်မှာ အမေရိကန် နိုင်ငံရေးစနစ်ကို မချင့်မရဲဖြစ်နေသော ပြည်သူများအတွက် အစားထိုးရန် ရည်ရွယ်သည်ဟု ၄င်းက ပြောကြားသည်။ သူသည် တက္ကဆက်ပြည်နယ် အောက်လွှတ်တော်အမတ်အဖြစ် ကိုးကြိမ်တိုင် တာဝန်ယူခဲ့သူဖြစ်သည်။

(အင်တာနက်)

တောမီး ငြိမ်းသတ်

ကနေဒါနိုင်ငံ နီဗာစကိုတီယာဒေသ၌တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လျက်ရှိရာ ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်း အုပ်စုချင်း ပဋိပက္ခဖြစ်မှု ဂါဇာမှ အဆောက်အအုံ ပျက်စီး

ဂါဇာ ဇွန် ၁၆

ဂါဇာကမ်းမြောင်၌ ဇွန်၁၃ရက်က ပါလက်စတိုင်းအုပ်စုချင်း အကြမ်းဖက်မှုတွင် ဤနယ်မြေ၏ လူမှုရေးအဆောက်အအုံ ဆိုးဆိုးရွားရွား ပျက်စီးသွားကြောင်း ဟားမတ်စ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာ၏ အကြံပေးအရာရှိ အာမက်ယူစွပ်က ပြောကြားသည်။

သွေးထွက်သံယိုဖြစ်

ဂါဇာကမ်းမြောင်၌ ဖတာတို့လက်ထဲမှ ဟားမတ်စ်အုပ်စု လုယူလိုက်ပြီး တစ်နှစ်အကြာတွင် ဟားမတ်စ် ထိပ်တန်းခေါင်းဆောင် အာမက်ယူစွပ်က သွေးထွက်သံယိုဖြစ်ခဲ့မှုအတွက် နောင်တရနေခြင်းဖြစ်သည်။

သုံးသပ်

ယခုအခါ ပြည်သူအများစုမှာ တစ်ဖက်ဖက်သို့ လိုက်ကုန်ကြပြီဖြစ်ကြောင်း၊ ပါလက်စတိုင်းပြည်သူအကြား နှစ်ခြမ်းကွဲခြင်းမှာလည်း မကြုံဖူးအောင် ပြင်းထန်လာကြောင်း ၄င်းက ပြောကြားသုံးသပ်သည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးသည်သာ ဤအကျပ်အတည်းကို လျော့ပါးပပျောက်စေနိုင်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

အတိုက်အခံ နယ်ချဲ့လက်ပါးစေတို့ကို တိုက်ခိုက်ရန် ဇင်ဘာဘွေနိုင်ငံ အကြီးအကဲ ကြုံးဝါး

ဟာရာရေး ဇွန် ၁၆

ဇင်ဘာဘွေနိုင်ငံမှ အဓိကအတိုက်အခံပါတီ အမ်ဒီစီအနေဖြင့် မည်သည့်အခါမျှ ဦးမဆောင်စေရန် သူသန္နိဋ္ဌာန်ချထားကြောင်း၊ နိုင်ငံအတွက် တိုက်ပွဲဝင်လက်နက်ကိုင်ရန် သူအသင့်ရှိကြောင်း ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက ကြေညာသည်။

မူဂါဘီသည် ဇွန်၂၇ရက် ဒုတိယအကြိမ်သမ္မတ ရွေးကောက်ပွဲတွင် အမ်ဒီစီပါတီခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မစ္စတာရှန်ဂီရိုင်းမှာ ယခုရက်သတ္တပတ်အတွင်း ငါးကြိမ်မြောက် ဖမ်းဆီးခံရရာမှ ယခုပြန်လွတ်လာခြင်းဖြစ်သည်။

လက်ကိုင်တုတ်

အတိုက်အခံတို့သည် ပြည်ပနယ်ချဲ့လက်ပါးစေ လက်ကိုင်တုတ်များသာဖြစ်သည်။

ပြောကြား

ဖြိုတိသျှကိုလိုနီဘဝမှ လွတ်မြောက်ရေးအတိတ်က တိုက်ပွဲကို ရည်ညွှန်းလျက် ဇင်ဘာဘွေနိုင်ငံကို လွတ်လပ်ရေး အဆုံးအရှုံး မခံနိုင်ကြောင်း သမ္မတရောဘတ်မူဂါဘီက ပြောကြားသည်။ **(အင်တာနက်)**

အီရန်၌ ပြန်ပေးဆွဲခံရသူ ဂျပန်ခရီးသည် ပြန်လည် လွတ်မြောက်လာပြီဖြစ်

တီဟီရန် ဇွန် ၁၆

အီရန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ပြီးခဲ့သည့် အောက်တိုဘာလက ဓားပြများ၏ ပြန်ပေးဆွဲခံရသူ ဂျပန်ကမ္ဘာလှည့်ခရီးသည်တစ်ဦး ယခုအခါ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အီရန်ထောက်လှမ်းရေး ဝန်ကြီးက ဇွန်၁၄ရက်၌ ပြောကြားသည်။

အီရန်နိုင်ငံ ကာမင်ပြည်နယ်တွင် ခရီးလှည့်လည်စဉ် အသက်၂၃နှစ်အရွယ်ရှိ အဆိုပါ ဂျပန်ခရီးသည်မှာ ပြန်ပေးဆွဲခံလိုက်ရခြင်း ဖြစ်သည်။

ဖမ်းဆီးခေါ်ဆောင်

ပြီးခဲ့သည့်နှစ်က ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်ခံရပြီးနောက် မူးယစ်ဆေးဝါးမှောင်ခိုသမားနှင့် လက်နက်ကိုင်ဓားပြများက ဂျပန်ခရီးသည်ကို အိမ်နီးချင်း ပါကစ္စတန်နိုင်ငံအတွင်းသို့ ခေါ်ဆောင်သွားသည်ဟု သတင်းများ ရရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ထုတ်လုပ်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ပိုင်းရှိ မော်တော်ကား ကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများကို ဇွန် ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၁၆-၆-၂၀၀၈

တရုတ်၌ လှုပ်ခဲ့သောငလျင် နိုင်ငံခြားသား ၅၄ဦးသေဆုံးခဲ့

ချန်ဒူး ဇွန် ၁၆

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မေ ၂ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် နိုင်ငံခြားခရီးသွားဧည့်သည် ၅၄ဦး သေဆုံးခဲ့ရကြောင်း၊ သို့သော်နိုင်ငံခြားသားများ၏ သေဆုံးမှုကို အသေးစိတ် ထုတ်ပြန်ကြေညာခြင်းမရှိကြောင်း ပြည်နယ်ခရီးသွားလုပ်ငန်းဌာနက ပြောကြားသည်။

ငလျင်လှုပ်ပြီးနောက် နိုင်ငံခြား ခရီးသွားဧည့်သည် ၁၀၆၆၈ဦး သောင်တင်ပိတ်မိပြီး လေယာဉ် အစင်း ၂၀နှင့် မော်တော်ယာဉ် အစီး၁၀၀ဖြင့် ယင်းတို့အား ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗီယက်နမ်၌ ကျောက်ကျင်းပြိုကျ ပိုင်ရှင်အပါအဝင် လေးဦးသေဆုံး

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ကင်န်ဂျန်ပြည်နယ်တွင် ပုဂ္ဂလိက ကျောက်တူးဖော်ရေးလုပ်ငန်းခွင်၌ မိုင်းခွဲရာမှ ကျောက်တုံးများပြိုကျမှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့သည်။

သေဆုံးသူများတွင် အသက် ၅၈နှစ်အရွယ်ရှိ ကျောက်တူးဖော်ရေးလုပ်ငန်းပိုင်ရှင် ဗန်ဗီတန်နှင့် ၄င်း၏ သားဖြစ်သူ အသက်၂၈နှစ်အရွယ်ရှိ ဗန်ဗစ်ဟေဒေါင်တို့ ပါဝင်ကြောင်း လူငယ်သတင်းစာက ဖော်ပြသည်။

ဂျပန်ဟီးနိုးကုန်တင်ကား ကမ္ဘောဒီးယားဈေးကွက်သို့ ဝင်ရောက်

ဂျပန် ဟီးနိုးမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ၏ ကားဖြန့်ချိရာ ကုမ္ပဏီဌာနခွဲတစ်ခုကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဖွင့်လှစ်လိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း တည်ဆောက်ရေးလုပ်ငန်းများမှာ တစ်ရှိန်ထိုး တိုးတက်လာခဲ့ကြောင်း၊ သို့အတွက် လိုအပ်လျက်ရှိသည့် ကုန်တင်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဟီးနိုးကုန်တင်ကားများ ကမ္ဘောဒီယား ကားဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

နယူးဇီလန်၌ မြူထူထပ်စွာကျဆင်း လေကြောင်းခရီးစဉ်များ ပယ်ဖျက်

နယူးဇီလန်နိုင်ငံမြို့တော် ဝယ်လင်တန်မြို့၌ မြူများထူထပ်စွာ ကျဆင်းသဖြင့် ပြည်တွင်း ပြည်ပ လေကြောင်းခရီးစဉ်များကို ပယ်ဖျက်လိုက်ရသည်။ ပယ်ဖျက်လိုက်သည့် ခရီးစဉ်များတွင် လေယာဉ်အဝင်ခရီးစဉ် ၁၅ခုနှင့် အထွက်ခရီးစဉ် ၁၅ခုတို့ဖြစ်ပြီး လေဆိပ်များ၌ ခရီးသည်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည်။

စပိန်အရှေ့ဘက်ကမ်း၌ မီးလောင်မှုဖြစ်ပွား

စပိန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းမှ ၁၀ ကီလိုမီတာအကွာရှိ အာဗီဇာကျွန်းပေါ်ရှိ သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ထရပ်ကား ၄၇စီး မီးလောင်ကျွမ်းခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရရှိသူ မရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒေသခံမီးသတ်တပ်ဖွဲ့ဝင်များ၏ အလျင်အမြန် မီးငြိမ်းသတ်နိုင်မှုကြောင့် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ကျွမ်းသည့် အကြောင်းရင်းကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

စကြဝဠာအတွင်းရှိ ထူးဆန်းသောအရာများ အာကာသမှန်ပြောင်းယာဉ်ဖြင့် စူးစမ်းလေ့လာ



နာဆာ ဇွန် ၁၆

ဂမ္မာဓာတ်ရောင်ခြည်နှင့် စကြဝဠာကို စူးစမ်းလေ့လာနိုင်ရန်အတွက် အာကာသမှန်ပြောင်းယာဉ်(ယာပုံ)ကို မကြာမီက ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်ခဲ့ရာ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ရောက်ရှိပြီး စတင်စူးစမ်းလေ့လာမှုများပြုလုပ်လျက်ရှိကြောင်း နာဆာက ပြောကြားသည်။

လေ့လာနိုင်

အဆိုပါ မှန်ပြောင်းအာကာသယာဉ်သည် မိုးကောင်းကင်တွင် ကြီးမားများပြားလှသော ကြယ်တာရာ ပေါက်ကွဲမှုများ၊ တွင်းနက်ကြီးများ၊ အားကောင်းသော သံလိုက်စက်ကွင်းများနှင့်အတူရှိနေသော နျူထရွန် ကြယ်တာရာများကို ဓာတ်ပုံရိုက်ကူး လေ့လာနိုင်သည်ဟု ဆိုသည်။ ယင်းမှန်ပြောင်း အာကာသယာဉ်မှ တွေ့ရှိရသော အရာဝတ္ထုသစ်များ အကြောင်းကို အင်တာနက်မှတစ်ဆင့် ကမ္ဘာသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ နာဆာသိပ္ပံပညာရှင်ဒေါက်တာ စတီဗင်ရစ်က ပြောသည်။ ၄င်းအာကာသယာဉ်မှ ဂမ္မာရောင်ခြည်တန်းများကို ကြည်လင်ပြတ်သားစွာ အကောင်းဆုံး ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း၊ စကြဝဠာအတွင်းရှိ ထူးဆန်းသောအရာဝတ္ထုများကိုလည်း မြင်တွေ့ရိုက်ကူးနိုင်မည်ကြောင်း ၄င်းကပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ယင်းအာကာသမှန်ပြောင်းယာဉ် လွှတ်တင်ရေးမစ်ရှင်ကို နာဆာနှင့်အတူ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် ဆွီဒင်နိုင်ငံတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

အာကာသသိပ္ပံ

ဘဝအမောပြေ

မင်းသိရဲ့လား

အမျိုးသမီးတစ်ဦး၏ ခင်ပွန်းသည် ကျန်းမာရေးမကောင်းသဖြင့် လပေါင်းများစွာ အိပ်ရာထဲလဲနေသည်။ သတိရတစ်ချက်မရတစ်ချက်ဖြစ်နေလေသည်။ သို့တိုင်အောင် ၄င်း၏ဇနီးသည် သူ့အနားမှ တစ်ဖဝါးမျှမခွာဘဲ နေ့စဉ်လိုလို အနီးကပ်ပြုစုနေလေသည်။ သူသတိရလာသောအခါ ဇနီးသည်အား သူ့အနားလာရန် ခြေဟန် လက်ဟန် ပြလေသည်။ ထို့ကြောင့် အမျိုးသမီးက သူ့အနား ကပ်ထိုင်သောအခါ သူက ပြောသည်မှာ…

ခင်ပွန်း။ ။ငါနေမကောင်းတဲ့တစ်ချိန်လုံး မင်းငါ့အနားမှာ ရှိနေတယ်၊ ငါပြဿနာ ဖြစ်တိုင်းလည်း မင်းငါ့ကို ဖြေရှင်းပေးခဲ့တယ်။ ငါ့စီးပွားရေးလုပ်ငန်းတွေ ဆုံးရှုံးတော့လည်း မင်းက ငါ့ဘေးနားမှာပဲ။ ငါခြေမဲ့ လက်မဲ့ဖြစ်တော့လည်း မင်းငါ့ဘေးနားမှာပဲ နေပေးခဲ့တယ်။ ငါ့အိမ်ကြီးကို လက်လွှတ်ဆုံးရှုံးလိုက်ရတော့လည်း မင်းငါ့ဘေးနားမှာ နှစ်သိမ့်လျက်ပဲ။ ငါ့ကျန်းမာရေး ချို့ယွင်းစကလည်း မင်းငါ့ဘေးနားမှာ နေပေးခဲ့တယ်။ အဲဒါတွေ ဘာကြောင့်ဖြစ်ခဲ့တာလဲ မင်းသိရဲ့လား။

ဇနီးက ညင်သာစွာမေးလိုက်သည်။

ဇနီး။ ။ဆိုစမ်းပါဦး ယောကျ်ားရယ်….။

ခင်ပွန်း။ ။ငါ့နားမှာအမြဲရှိနေတဲ့မင်းဟာ ကံကြမ္မာဆိုးတွေကို ငါ့ဆီ အမြဲယူဆောင်လာလို့ပဲပေါ့။

ဇနီး။ ။ **“ဘာ”**

ဘဝဒဿနအမြင်

* *I believe that in the end the truth will conquer.*

နောက်ဆုံးတွင် အမှန်တရားသည်သာ အောင်နိုင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။

ဂျွန်ဝိုင်ကလစ်ဖ်
(အင်္ဂလိပ်လူမျိုး လူမှုပြုပြင်ပြောင်းလဲရေးသမား)

* *Every wise man dreaded his enemy.*

ပညာရှိသူတိုင်း သူတို့၏ရန်သူကို ကြောက်ကြသည်။

ဂေါ့ဖ်ရေးရှော်ရှာ
(အင်္ဂလိပ်လူမျိုးကဗျာဆရာ)

ကမ္ဘာလှည့်တို့ပျော်စံရာ မိုနာကိုနိုင်ငံ

သတင်းအက်ဆေး

မိုနာကိုနိုင်ငံသည် မြေထဲပင်လယ် အနောက်မြောက်ကမ်းခြေဒေသတွင်တည်ရှိသည်။ ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအငယ်ဆုံး နိုင်ငံဖြစ်သည်။ ဤနိုင်ငံသည် ရာသီဥတုသာယာပြီး ရှုခင်းအလှအပ သာယာမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များ ခြေချင်းလိမ်နေပြီး အကျိုးပြုသော အခွန်အတုတ်စနစ်ကြောင့် ချမ်းသာသူတို့၏ လောကနိဗ္ဗာန်ကလေးလည်း ဖြစ်သည်။

ထွက်ပေါက်

စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသည့် ဤနိုင်ငံကို သုံးဘက်သုံးတန်မှ ပြင်သစ်နိုင်ငံက ဝိုင်းရံထားသည်။ စတုရန်း နှစ်ကီလိုမီတာ (၀ ဒသမ ၇၅ စတုရန်းမိုင်)မျှရှိသော အဇူရာဆိပ်ကမ်းသည်သာလျှင် မြေထဲပင်လယ် ထွက်ပေါက်ဖြစ်သည်။

ခရီးသွားလုပ်ငန်းက စီးပွားရေးကို များစွာအထောက်အပံ့ပြုသည်။ မွန်တီကာလိုတွင် လောင်းကစားသမား စုပြုံနေတတ်သည်။ နှစ်စဉ်မေလတွင် မိုနာကို ကားပြိုင်ပွဲ ကျင်းပလေ့ရှိသည်။

အစောင့်ရှောက်ခံ

ဂျီနိုအာမှ ပြည်ပြေးဂရီမာဒီ မျိုးနွယ်ဝင်တစ်ဦးဖြစ်သည့် ဖရန်ကွိုင်သည် ၁၂၉၇ခုနှစ်တွင် မိုနာကို နိုင်ငံအုပ်ချုပ်သူများ၏ခံတပ်ကို သိမ်းလိုက်သည်။ ၁၄၀၀ပြည့်လွန်နှစ်များနှောင်းပိုင်းတွင် မိုနာကိုနိုင်ငံ၏ အချုပ်အခြာအာဏာကို ဆာဗွိုင်းနယ်စား၊ ပြင်သစ်ဘုရင်နှင့် ပုပ်ရဟန်းမင်းကြီးတို့က အသိအမှတ်ပြုသည်။ ၁၅၂၄-၁၆၄၁ခုနှစ်များအတွင်းတွင် ဂရီမာဒီမျိုးနွယ်စုက စပိန်နှင့် မဟာမိတ်ဖွဲ့ပြီး မိုနာကိုမှာ စပိန်အစောင့်အရှောက်ခံ ဖြစ်လာသည်။

၁၈၁၄ ခုနှစ်တွင် မိုနာကိုသည် ဆာဒီးနီးယား အစောင့်အရှောက်ခံ နိုင်ငံဖြစ်သည်မှာ ၁၈၆၀ပြည့်နှစ်တိုင်ဖြစ်သည်။ ၁၈၆၁ ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ ၁၉၁၁ ခုနှစ်တွင် မိုနာကိုနိုင်ငံ၏ ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည်။ နိုင်ငံအကြီးအကဲ မင်းသားကြီးနှင့် ပူးတွဲ၍ ဥပဒေပြုရန် အမျိုးသားကောင်စီကို ရွေးချယ်ပေးရသည်။

လက်ထပ်

၁၉၂၉ ခုနှစ်တွင် ပထမဆုံး မိုနာကို ကားပြိုင်ပွဲ ကျင်းပသည်။ ၁၉၄၉ ခုနှစ်တွင် နိုင်ငံအကြီးအကဲ လူစီ-၂ ကွယ်လွန်သဖြင့် မြေးတော်သူ တတိယမြောက် ရိန်နာ အရိုက်အရာဆက်ခံသည်။ ၁၉၅၆ ခုနှစ်တွင် မင်းသားကြီးရိန်နာသည် ဟောလိဝုဒ် ရုပ်ရှင် မင်းသမီး ဂရေ့ကယ်လီနှင့် လက်ထပ်သည်။

၁၉၅၉ ခုနှစ်တွင် ဘတ်ဂျက်ကိစ္စကြောင့် မင်းသားကြီးရိန်နာက အမျိုးသားကောင်စီကို ဖျက်သိမ်းသည်။ ၁၉၆၂ ခုနှစ်တွင် အမျိုးသားကောင်စီ ပြန်လည် ပေါ်ပေါက်လာပြီး ပိုမိုလိုက်လျောသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းသည်။ ၁၉၈၂ ခုနှစ်တွင် ကားမှောက်ပြီးနောက် မင်းသမီး ဂရေ့ကယ်လီ ကွယ်လွန်သည်။

ကျမ်းသစ္စာကျိန်ဆို

၁၉၉၃ ခုနှစ်တွင် မိုနာကိုနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာသည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများတွင် အငယ်ဆုံးနိုင်ငံဖြစ်သည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် နိုင်ငံအကြီးအကဲ မင်းသားကြီးရိန်နာ အသက် ၈၁နှစ် အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သည်။ ထိုနှစ် ဇူလိုင်လတွင် နိုင်ငံ့အကြီးအကဲအဖြစ် မင်းသားကြီး အဲဘတ်က ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

မည်သို့ဆိုစေ မင်းသားကြီးရိန်နာမှာ သူကွယ်လွန်ချိန်အထိ ဥရောပတစ်ခွင်တွင် သက်တမ်း အရှည်ဆုံး နိုင်ငံကို အုပ်ချုပ်သွားသူ ဘုရင်တစ်ပါး ဖြစ်သည်။

တင်စားနေ

ဤနိုင်ငံသည် အထိကရ ဘဏ်လုပ်ငန်းတည်ရာဌာန ဖြစ်သည်။ အပ်နှံသူတို့ ဘဝင်အေးရလေအောင် စီမံကာကွယ်ပေးသည်။ ယင်းကြောင့်ပင် ချမ်းသာသူတို့အတွက် မိုနာကိုနိုင်ငံသည်လောကနိဗ္ဗာန်ဘုံဟုတင်စားနေကြခြင်းဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုးရေးသားသည်

မိုနာကိုနိုင်ငံသည် မြေထဲပင်လယ် အနောက်မြောက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအငယ်ဆုံးနိုင်ငံဖြစ်၏။

သန့်-တည်-ပွားအဖွဲ့ တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၆

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား)သည် လစဉ် ကိုးရက်အဓိဋ္ဌာန် တရားစခန်း(၃)ကြိမ်မြောက် ဖွင့်လှစ်လျက်ရှိရာ (၄၇)ကြိမ်မြောက် အဓိဋ္ဌာန်တရားစခန်းကို လာမည့် ဇွန် ၂၀ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများအနေဖြင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်၆၈ စတုတ္ထထပ်ရှိ ရုံးခန်းသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း ၀၁-၇၂၇၂၂၃၊ ၀၁-၂၁၂၈၂၄သို့ ဆက်သွယ်၍ဖြစ်စေ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

ဖိတ်ကြား

ထို့ပြင် အဖွဲ့၏ ၂၀၀၈ခုနှစ် ပထမ ခြောက်လပတ်အစည်းအဝေးနှင့် မူဝါဒစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရွေးချယ်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ (၅)ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ၌ ဇွန် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ သန့်-တည်-ပွား ယောဂီများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၈ရက် (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**"ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် ပဋိစ္စသမုပ္ပာဒ်"** တရားတော် မယ်ပဋ္ဌာအကြောင်း ဥပမာပြ (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၅၅-၁:၅၅	ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၈:၀၅-၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀-၂:၁၀	Sunday Talk
၈:၅၅-၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀	စိုက်ပျိုးဝေဆာ တို့မြေမှာ (ဒေါနရွှေဝါစိုက်ပျိုးနည်း)
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၃) (ဟဲယာရွာမ၊ အင်းလေး)
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	စွဲမက်ဖွယ်ရာရတနာ (ပုလဲကျက်သရေအလှဝေ) (အပိုင်း-၁)
၁၀:၁၅-၄:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀-၄:၂၀	ကျေးပင်အက်ရေလှောင်တမံ
၁၀:၃၀-၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅	Fashion Guide (လွယ်ကူပြင်ဆင် ကျစ်ဆံမြီးဖက်ရှင်)
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး (ရန်ကုန်တိုင်းရင်းဆေးရုံကြီး)
၁၁:၂၀-၅:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	Biz Net
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည်
၁၂:၄၀-၆:၄၀	Music Gallery လုလု(နှောင်ကြိုးနဲ့ကမ္ဘာ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် နယုန်လဆန်း ၁၄ရက် (အဖိတ်နေ့)

၁၇-၆-၂၀၀၈ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၅	၄။ အကပြိုင်ပွဲ
၇:၅၅	၅။ ရွှေလင်ပန်းတံတား
၈:၀၀	၆။ နှောင်းခေတ်တေးပဒေသာ
၈:၃၀	၇။ International News
၉:၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၂၀	၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၃၀	၃။ တေးဂီတအစီအစဉ်
၄:၄၅	၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀	၅။ **ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၅:၁၀	၆။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၇။ ညနေခင်းသတင်း
၆:၃၀	၈။ မိုးလေဝသအခြေအနေ
၆:၃၅	၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၅	၁၀။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၂၀	၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၄)
၈:၀၀	၁၂။ ပြည်တွင်းသတင်း
	၁၃။ နိုင်ငံတကာသတင်းများ
	၁၄။ မိုးလေဝသအခြေအနေ
	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၄)
	၁၆။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း မိုးလေဝသသတင်း

မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်

သန်းဇော် ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၁၆

ဇွန် ၁၆ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများကို ဖော်ပြလိုက်ပါသည်။

ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေ အားအလွန်ကောင်းနေဆဲပင်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့ရာ မောင်တောမြို့တွင် ၆ဒသမ ၇၃လက်မ၊ သံတွဲမြို့တွင် ၄ဒသမ ၁၃လက်မ၊ ကျောက်ဖြူမြို့တွင် ၃ဒသမ ၅၀လက်မ၊ စစ်တွေမြို့တွင် ၃ဒသမ ၂၇လက်မ ရွာသွန်းခဲ့သည်။



မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ရာ-

နေပြည်တော်တွင် ၀ဒသမ ၂၄လက်မ
ထားဝယ်မြို့တွင် ၃ဒသမ ၃၈လက်မ
ဘားအံမြို့တွင် ၂ဒသမ ၈၃လက်မ
ကိုကိုးကျွန်းမြို့တွင် ၂ဒသမ ၅၂လက်မ
ဟုမ္မလင်းမြို့တွင် ၂ဒသမ ၂၄လက်မ ရွာသွန်းကြောင်း သိရသည်။

ဇွန် ၁၇ရက် **(ယနေ့)**တွင် နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ရွာသွန်းပြီး တစ်ခါတစ်ရံ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ထို့အတူ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာသွန်းကာ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲသာ မိုးရွာသွန်းမည်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်နိုင်ပြီး ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင်၅၀ အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးမည်ဖြစ်ပြီး နောက်နှစ်ရက်အတွင်း မုတ်သုံလေ ဆက်လက်အားကောင်းနေမည်ဖြစ်ကြောင်း မိုးလေဝသ သတင်းစကားပါးလိုက်ရပါသည်။ ။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများကျရောက်နိုင်ပြီး ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင်၅၀ အထိ တိုက်ခတ်နိုင်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့အလင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ကယ်လီဖိုးနီးယား၌ တောမီးလောင်ကျွမ်း ပြည်သူသောင်းချီ၍ နေအိမ်များ စွန့်ခွာထွက်ပြေး

ကယ်လီဖိုးနီးယား ဇွန် ၁၆

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၌ ဇွန် ၁၆ရက်က တောမီးလောင်ကျွမ်းလျက်ရှိရာ**(အပေါ်ပုံ)** နေအိမ်ဒါဇင်ပေါင်းများစွာ မီးဘေးသင့်ခံရပြီး သောင်းချီသော ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါပြည်နယ် ပါရာဒိုက်မြို့ ဘွတ်တေးဒေသ၌ ပြည်သူ ၉၀၀၀ကျော်တို့ နေအိမ်များကို တံခါးပိတ်ပြီး ထွက်ပြေးခဲ့ကြရကြောင်း သတင်း၌ဖော်ပြသည်။

ဖော်ပြ

ပါရာဒိုက်မြို့၌ အနည်းဆုံး နေအိမ် ၇၄လုံးနှင့် အခြားအဆောက်အအုံ အလုံး၂၀ မီးဘေးသင့်ခံခဲ့ရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်၌ ပြည်သူ ၁၈ သန်းနီးပါး ရေဘေးဒုက္ခကြုံ နေအိမ်များနှင့် သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရ

ဟူနန် ဇွန် ၁၆

တရုတ်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုများ**(အောက်ပုံ)**ဖြစ်ပွားလျက်ရှိရာ အနည်းဆုံး ၅၇ဦးသေဆုံးပြီး ပြည်သူ ၁၈သန်းနီးပါး ရေဘေးကြုံတွေ့နေရကြောင်း ဇွန် ၁၆ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်ပြန်

ရေကြီးမှုကြောင့် လယ်ယာမြေဟက်တာ ၈၆၀၀၀၀ပျက်စီးပြီး နေအိမ် ၄၅၀၀၀ လည်း ပျက်စီးခဲ့ကြောင်း၊ အခြားအဆောက်အအုံ ၁၄၀၀၀၀ပျက်စီးခဲ့ရကြောင်း၊ တိုက်ရိုက်စီးပွားရေးပျက်စီးမှုတန်ဖိုးမှာ ယွမ် ၁၀ဘီလီယံကျော်ရှိကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနက ကြေညာချက်တစ်စောင်တွင် ထုတ်ပြန်ထားသည်။

ယင်းရေကြီးမှု ဘေးအန္တရာယ် ကြုံတွေ့နေရသော ပြည်နယ်များမှာ ကျိုကျန်းပြည်နယ်၊ အန်ဟွေးပြည်နယ်၊ ကျန်စီပြည်နယ်၊ ဟူဘေးပြည်နယ်၊ ဟိုင်နန်ပြည်နယ်၊ ကွမ်ဒေါင်းပြည်နယ်၊ ကွီကျိုပြည်နယ်၊ ယူနန်ပြည်နယ်နှင့် ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ဖြစ်ကြသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ - မြင့်မောင်စိုး

တနင်္သာရီတိုင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ပထမနှစ်သင်တန်းသားများ ဩဝါဒခံယူပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တနင်္သာရီတိုင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ရက် နံနက်စနာရီက မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမတွင်ကျင်းပရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (သင်ကြား)ဦးလှမြင့်က ကျောင်းအပ်နှံရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် အလှူရှင်များကအလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ပညာရေး ဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာ ဦးစီးဌာနက ငွေကျပ် ၆၂၅၆၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဖတ်စာအုပ် ၂၇၂၀၀စုံ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၂သိန်းငါးသောင်းတန်ဖိုးရှိ စာရေးခုံ ၁၅၀၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းငွေ မိသားစုက တန်ဖိုးငွေကျပ် ၁၅သိန်းငါးသောင်းတန်ဖိုးရှိ Language Lab ပစ္စည်းများ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က တန်ဖိုးငွေကျပ် ၃၄၁၅၀၀ ရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့က တန်ဖိုးငွေကျပ် ၃၄၁၅၀၀ရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက တန်ဖိုးငွေကျပ် ၁၅၀၀၀၀ရှိ ဗလာစာအုပ် ဒါဇင် ၁၀၀၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တန်ဖိုးငွေကျပ် ၁၅၀၀၀၀ရှိ ဗလာစာအုပ် ဒါဇင် ၁၀၀၊ မြိတ်ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တန်ဖိုးငွေကျပ် ၈၀၀၀၀ ရှိ ဗလာစာအုပ်နှင့် ကျောင်း ဝတ်စုံ၊ မြိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၀သိန်းနှင့် တန်ဖိုးငွေကျပ် ၉၆၃၆၀၀ ရှိ ကျောင်းသုံးစာရေးကိရိယာ၊ မြိတ် မြို့ ရပ်ကွက်မီးလင်းရေးအဖွဲ့က တန်ဖိုးငွေကျပ်သုံးသိန်းရှိ ဗလာစာအုပ် ဒါဇင် ၂၀၀၊ မြစ်ငယ် အမက မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က တန်ဖိုးငွေကျပ် တစ်သိန်းရှိ ကျောင်းသုံးစာရေးကိရိယာ၊ OK ဆန်ရောင်းဝယ်ရေးက တန်ဖိုးငွေကျပ် ၇၅၀၀၀ ရှိ ဗလာစာအုပ် ဒါဇင် ၅၀ အပါအဝင် စေတနာရှင်များကလှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၃၅၅၇၆၀၀ လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အမှာစကားပြောကြား

ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အထက(၁) စံပယ်ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်း အမှတ်စဉ်(၄၃) ပထမနှစ် သင်တန်းသားများ ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက ဩဝါဒ အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းသား၊ သင်တန်းသူ ၁၅ဦးက ဂါရဝပြု မိတ်ဆက်ကြပြီးနောက်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးက သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ထောက်ပံ့ငွေကျပ် ၁၆၃၆၅၀၀ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

(သတင်းစဉ်)

နှစ်ဖက်သော မိဘများနှင့် ညီအစ်ကို များအား ရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် ကျောင်း လမ်း အမှတ် ၅၃ နေ ဦး သိန်း ကျော်-ဒေါ်စီစီဝင်း၊ သမီး အေးသက်ကျော် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါ လမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းအဖွဲ့ဝင်များ လပွတ္တာကျေးရွာများရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းမှ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းအဖွဲ့ဝင်များ လပွတ္တာမြို့နယ်တွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

ရန်ကုန် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမိုးဇော် ဦးဆောင်သောအဖွဲ့ဝင် ၁၅ဦးပါ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းအဖွဲ့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါတိုက်ဖျက်ရေး တာဝန်ခံ Dr.Hans Kluge လိုက်ပါလျက် သဘာဝဘေး ကျရောက်ခဲ့သော လပွတ္တာမြို့နယ်သို့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဇွန် ၁၁ရက်တွင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

ဒေါက်တာ မိုးဇော် ဦးဆောင်သောအဖွဲ့သည် ဘီတွတ်ကျေးလက်ကျန်းမာရေးဌာန ကျေးရွာများသို့လည်းကောင်း၊ ဒေါက်တာဌေးလွင် ဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် ဂန့်အိတ် ကျေးလက်ကျန်းမာရေးဌာန ကျေးရွာများသို့လည်းကောင်း ကွင်းဆင်း၍ ဆေးကုသမှုခံယူဆဲ လူနာများ၊ ဆေးသောက်ရက် ပျက်ကွက်နေသော တီဘီရောဂါလူနာများနှင့် အနာကြီးရောဂါလူနာများအား လိုက်လံရှာဖွေ၍ ဆေးဆက်လက်ကုသမှုပေးခြင်း၊ ဆေးဆက်လက်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကုသမှုပေးခြင်းနှင့် တီဘီ၊ ငှက်ဖျား၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ အနာကြီးရောဂါ၊ ကူးစက်တတ်သောရောဂါ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးအကြောင်းများကို ကျန်းမာရေး ပညာပေးခြင်း၊ လက်ကမ်းစာစောင်များနှင့် ပညာပေးပိုစတာများ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဒေါက်တာမိုးဇော် ဦးဆောင်သောအဖွဲ့သည်ဇွန်၁၃ရက်တွင်ပြင်စလူ တိုက်နယ် ကျန်းမာရေးဌာန တယ်ပင်ကိုင်းကျေးရွာနှင့် လွှစာကျေးရွာများသို့လည်းကောင်း၊ဒေါက်တာဌေးလွင် ဦးဆောင်သောအဖွဲ့သည် သဃ်န်းကြီး ကျေးလက်ကျန်းမာရေးဌာန ဇင်ရွဲကြီး ကျေးရွာ၊ ဇင်ရွဲလေး ကျေးရွာ၊ ရေဝေ ကျေးရွာများသို့ လည်းကောင်း ကွင်းဆင်းသွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်သွားမည်

အဆိုပါ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနယ်လှည့်ကွင်းဆင်း အဖွဲ့သည် လပွတ္တာမြို့နယ်အတွင်းရှိ ကျန်ရှိသောကျေးရွာများသို့ ဆက်လက်ကွင်းဆင်းကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များတွင် ကုမ္ပဏီများမှ တင်သွင်းလာသည့်ယာဉ်များ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ဝယ်ယူထားသည့် ယာဉ်များနှင့် လေလံဝယ်ယူသည့် ယာဉ်များသည် Lot နံပါတ်များ၊ အခြားနံပါတ်များ တပ်ဆင်မောင်းနှင်သွားလာလျက်ရှိကြောင်း တွေ့ရှိရသည်။ စက်မှုဇုန်ထုတ်ယာဉ်များမှာလည်း သတ်မှတ်ပေးထားသည့် သက်တမ်းအတွင်း၌သာ ယာယီနံပါတ် တပ်ဆင်မောင်းနှင်ခွင့်ပြုထားသော်လည်း အချို့မှာ သက်တမ်းကျော်လွန် မောင်းနှင်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုသို့သတ်မှတ်ချက် မရှိသည့်နံပါတ်များတပ်ဆင်မောင်းနှင်သွားလာကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်အား မှတ်ပုံတင်မဲ့ယာဉ်အဖြစ် သတ်မှတ်၍ သိမ်းဆည်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၆

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၅ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဝိုင်-အမ်-စီ-အေခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)တို့က အမှာစကား ပြောကြားကြသည်။

ဖတ်ကြား

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)(**ဝဲပုံ**)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဦးမြင့်စိုး(ကွမ်း-ပေါင်းတည်)က ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက်ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ ဦးအောင်သိန်းနှင့်ဇနီး ဒေါ်စန်းစန်းချိုမိသားစုတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင်အလှူငွေကျပ် ၃၃၆၅၀၀ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ဂါရဝပြု

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် သက်ကြီးစာပေပညာရှင် ခုနစ်ဦးတို့အား အဖွဲ့ဝင်များက အလှူငွေနှင့် ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆန်စက်များပုံမှန်ကြိတ်ခွဲနေကြပြီ

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်း မြို့နယ်ရှိ အကြီးစားဆန်စက်အချို့ လေဘေးဒဏ်ခံရပြီးနောက် ပြန်လည်ထူထောင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ရာ ယခုအခါ ပုံမှန်အတိုင်း ဆန်ကြိတ်ခွဲမှုများ ပြုလုပ်နေပြီ ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကျွန်း မြို့နယ်အတွင်း တစ်နေ့လျှင် ၂၅ တန်ကျ အကြီးစား ဆန်စက်၃၂လုံးနှင့်ငါးပုံဟာလာဆန်စက်၁၅၀ခန့် တို့ရှိရာ ယခုအခါဆန်စက်အားလုံးပြန်လည်ကြိတ်ခွဲနေကြပြီဖြစ်သည်။ အဆိုပါ ဆန်စက်များမှ ကြိတ်ခွဲရရှိသောဆန်များကို မြို့နယ်အတွင်းနှင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချနေပြီး ပုံမှန်ကုန်သွယ် ရောင်းဝယ်မှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့ ဆန်စက်ပိုင်ရှင်များအသင်းက ပြောကြားသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာပြည်သူတွေက ဘာကြောင့် တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့တာလဲ

လူမှာ အသိနှစ်မျိုးရှိပါတယ်။ ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းခဲ့ရသော အသိနဲ့ တစ်ဆင့်ခံရရှိသော အသိဖြစ်ပါတယ်။ ကိုယ်တိုင်တွေ့ကြုံ ဖြတ်သန်းခဲ့ရသော ဘဝပေးအသိက ပိုမိုနက်ရှိုင်း ခိုင်မြဲလေ့ရှိပြီး တစ်ဆင့်ခံရရှိသော အသိက နက်နဲ ခိုင်မြဲမှုနည်းလေ့ရှိပါတယ်။ ဥပမာအားဖြင့် စစ်ပွဲရဲ့ဒဏ်ရာဒဏ်ချက်ကို လက်တွေ့ခံစားရသူနဲ့ စစ်ပွဲရဲ့ ဒဏ်ရာဒဏ်ချက်ကို တစ်ဆင့်ခံ ကြားသိခံစားရသူတို့ အသိ မတူသလို ဖြစ်ပါတယ်။ ဒါကြောင့် လူမှုသိပ္ပံပညာရှင်တွေက လူ့ဆက်ဆံရေးအသိက လူ့ဆက်ဆံရေးဘဝကို မဖန်တီးနိုင်။ လူ့ဆက်ဆံရေးဘဝက လူ့ဆက်ဆံရေးအသိကို ဖန်တီးနိုင်တယ်။ လူနဲ့ ပတ်ဝန်းကျင်ကသာ လူ့စိတ်ဓာတ်ကို ဖန်တီးတယ်လို့ ဆိုပါတယ်။ မှန်ပါတယ်၊ လူမျိုးအသီးသီးတို့ဟာ မိမိတို့နေထိုင်ဖြတ်သန်းလာခဲ့တဲ့ ကာလဒေသ အခြေအနေပေါ်မှာ မူတည်ပြီး လူနေမှုစရိုက်များ၊ ယဉ်ကျေးမှုဓလေ့ ထုံးစံများ ကွဲပြားခြားနားလေ့ရှိပါတယ်။

ဒါကြောင့် နိုင်ငံနဲ့ လူမျိုးအသီးသီးဟာ မိမိတို့ရဲ့ လူမှုဘဝနဲ့ အညီသာ ဖြစ်ပေါ်တိုးတက်ရလေ့ရှိပါတယ်။ အခြားနိုင်ငံများကို တစ်ထပ်တည်း ပုံတူကူးချလို့ မရပါဘူး။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ပြောင်း လေ့လာကြည့်ရင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ အုပ်ချုပ်ခဲ့သော ဖဆပလခေတ်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပဋိပက္ခ စစ်မီးလောင်ကျွမ်းမှု ဒဏ်ကို ပြည်သူတို့ ခါးစည်းခံလာခဲ့ရတယ်။ ဥပဒေတွင် နိုင်ငံရေးပါတီအဖွဲ့အစည်းများရဲ့ အုပ်စုဂိုဏ်းဂဏတိုက်ပွဲများကြောင့် နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားပြီး တော်လှန်ရေးကောင်စီက တာဝန်ယူခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလည်း ရပ်ဆိုင်းသွားရပါတယ်။ အဲဒီနောက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အုပ်ချုပ်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်ကျပြန်တော့ စီးပွားရေးနဲ့ နိုင်ငံရေးကို ဗဟိုက ချုပ်ကိုင်တဲ့အတွက် စီးပွားရေးအကျပ်အတည်းနဲ့ ကြုံလာခဲ့ရပြန်ပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရခေတ်တွင် ယခင်အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာအောင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခင်ခေတ်များက မရနိုင်ခဲ့တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ထူးထူးကဲကဲ ရရှိလာခဲ့ပါတယ်။ မပြောပလောက်တဲ့ တောတွင်းလက်နက်ကိုင် အနည်းငယ်သာ နယ်စွန်နယ်ဖျားမှာ ကျန်ပါတော့တယ်။ ဆက်ခံခဲ့ရတဲ့ စီးပွားရေးအကျပ်အတည်းမှ မဖြစ်မနေ ရုန်းထွက်ပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကျင့်သုံးလာနိုင်တဲ့ အတွက် တိုင်းရင်းသားလုပ်ငန်းရှင် ကြီးငယ်များ၊ အလယ် အလတ် ပညာတတ်လူတန်းစားသစ်များ ပေါ်ထွန်းလာခဲ့တယ်။ နိုင်ငံတော်ရဲ့ အခြေခံ အဆောက်အအုံတစ်ခုလုံးလည်း ပြောင်းလဲတိုးတက်လာခဲ့တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေးဦးတည်ချက်နဲ့ အမျိုးသားညီလာခံကြီးကျင်းပပြီး ညှိနှိုင်းရေးဆွဲချမှတ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အသက်ဝိညာဉ်ဖြစ်ပါတယ်။ ပညာရှင်တွေက "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံသူနိုင်ငံသားများနဲ့ အစိုးရတို့အကြား တာဝန်ဝတ္တရား၊ လုပ်ပိုင်ခွင့်အာဏာနဲ့ အခွင့်အရေးတွေကို ခွဲဝေသတ်မှတ်ထားတဲ့ သဘောတူစာချုပ်ဖြစ်တယ်"လို့ ဖွင့်ဆိုကြပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ခုဟာ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ ထောက်ခံမှု ရနိုင်/မရနိုင်ဆိုတဲ့ အဓိကအချက်ကတော့ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ သက်ဆိုင်ရာပြည်သူလူထုရဲ့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်မှု ရှိ/မရှိနဲ့ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပေါ် အခြေခံမှု ရှိ/မရှိဆိုတဲ့အချက်မှာ မူတည်ပါတယ်။

မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံသို့ ထူထောင်ကူးပြောင်းလာခဲ့တဲ့ မြန်မာနိုင်ငံမှာ အမျိုးသားညီလာခံကြီးက ညှိနှိုင်းရေးဆွဲချမှတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဒီမိုကရေစီနည်းကျစွာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးပြုလုပ် အတည်ပြုပြဋ္ဌာန်းဖို့ ကြေညာချက်အမှတ်(၁/၂၀၀၈)ထုတ်ပြန်ခဲ့ချိန်မှစ၍ NLD ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး ကန့်ကွက်မဲပေးဖို့၊ ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများက လူထုဆန္ဒခံယူပွဲကြီးကို ပျက်ပြားအောင်လုပ်ဖို့ အနောက်မီဒီယာလေးခုနဲ့ ပူးပေါင်းကာ နားကွဲမတတ် စည်းရုံးလှုံ့ဆော် လှုပ်ရှားလာခဲ့ကြတာ တွေ့ရပါတယ်။ ကြေညာချက်အမျိုးမျိုးနဲ့လည်း ဆန့်ကျင်ခဲ့ကြတယ်။ ဒီအပေါ် ပြည်ပနိုင်ငံအချို့ကလည်း သွေးထိုးအားပေးခဲ့တယ်။

ဒါပေမယ့် အဲဒီလုပ်ရပ်တွေဟာ ဘယ်လိုမှ မအောင်မြင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်သူတစ်ရပ်လုံးဟာ ကိုယ်ပိုင်အတွေ့အကြုံများနဲ့ အဆိုး အကောင်း၊ အမှား အမှန်ကို ခွဲခြားသိမြင်နိုင်လို့ ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေရဲ့ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်း ဆန္ဒမဲပေးကြပြီး ဆန္ဒမဲပေးသူ စုစုပေါင်းရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြလာတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ ဒီမိုကရေစီနည်းလမ်းတကျ ထောက်ခံခွင့်၊ ကန့်ကွက်ခွင့် အပြည့်ရှိတဲ့အတွက် ၁၆၃၁၇၁၂ ဦး (၆ ဒသမ ၁ ရာခိုင်နှုန်း)က လွတ်လပ်စွာ ကန့်ကွက်မဲပေးခဲ့ကြပါတယ်။ ကန့်ကွက်မဲပေးဖို့ စည်းရုံးလှုပ်ရှားတဲ့အုပ်စုများနဲ့ လူပုဂ္ဂိုလ်များကိုရော ကန့်ကွက်မဲပေးသူများကိုပါ တစ်စုံတစ်ရာ အရေးယူမှုမရှိခဲ့ခြင်းက အထင်အရှား ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ မြန်မာပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝရရှိခဲ့တယ်။ ပြည်သူလူထုက တစ်ခဲနက်ပေးလိုက်တဲ့ **Mandate** အစစ်အမှန်ဖြစ်တယ်။

အောင်ဇေမင်း

၁၉၉၀ ပြည့်နှစ်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ကျင်းပခဲ့တဲ့ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲမှာ NLD ပါတီက အများစု အရွေးခံခဲ့ရပေမယ့် ပြည်သူလူထုကို ဘယ်လိုမှ ကိုယ်စားမပြုနိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆန္ဒမဲပေးသူ သန်း ၂၀ ကျော်မှာ ခုနစ်သန်းကျော်သာ ထောက်ခံမဲပေးခဲ့လို့ ဖြစ်ပါတယ်။ ဥပမာအားဖြင့် လူ ၂၀မှာ ခုနစ်ယောက်ထောက်ခံရုံနဲ့ လူ ၂၀ လုံးကို ကိုယ်စားမပြုနိုင်လို့ ဖြစ်ပါတယ်။ ဒီမိုကရေစီထုံးတမ်းစဉ်လာအရ လူ ၂၀ ရဲ့ တစ်ဝက်ကျော် ထောက်ခံမှသာ လူ ၂၀ လုံးကို ကိုယ်စားပြုနိုင်လို့ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာပြည်သူတွေရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းနဲ့ တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့တဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူ့ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းနဲ့ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းတို့ ပူးပေါင်းပါဝင်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်တော့မှာဖြစ်တဲ့အတွက် မိမိတို့နိုင်ငံရဲ့ ပကတိလူမှုဘဝနဲ့ ကိုက်ညီမှန်ကန်လျက်ရှိပါတယ်။ **ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပေါ် အခြေခံမှု ရှိ/မရှိ ဆိုတာနဲ့ပတ်သက်လို့ ဆန်းစစ်ကြည့်ရင် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကြန်အင်လက္ခဏာများကို အခိုင်အမာ အာမခံချက် ပေးထားပါတယ်။ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးပေါ်မှာ အခိုင်အမာအခြေခံထားကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။**

တိုင်းရင်းသား ပြည်သူတွေအတွက် နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်တွေကို အခုအခြေခံဥပဒေမှာ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းပေးထားတာ တွေ့ရှိနိုင်ပါတယ်။ ၁၉၄၇ အခြေခံဥပဒေတုန်းက နိုင်ငံသား၊ နိုင်ငံသား အခွင့်အရေးနှင့် တာဝန်များအခန်းမှာ ပုဒ်မ ၂၃ခုပဲ ပြဋ္ဌာန်းထားခဲ့တယ်။ ၁၉၇၄ အခြေခံဥပဒေမှာလည်း ပုဒ်မ ၂၆ခုပဲ ပြဋ္ဌာန်းပေးခဲ့တယ်။ အခု အခြေခံဥပဒေမှာ ပုဒ်မ ၄၆ခုအထိ တိုးမြှင့်ပြဋ္ဌာန်းပေးထားတာကိုကြည့်ရင် နိုင်ငံသားတစ်ဦးချင်းရဲ့ အကျိုးခံစားခွင့်အတွက် ဘယ်လောက် အလေးအနက်ဖော်ဆောင်ပေးထားသလဲဆိုတာ ပေါ်လွင်နေပါတယ်။

ဒါ့အပြင် တောင်သူလယ်သမားတွေအတွက် လယ်လုပ်ပိုင်ခွင့် အာမခံချက်တွေ၊ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံတွေအတွက် လျော်ကန်သင့်မြတ်သောဈေးနှုန်းရရှိအောင် နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးမယ်ဆိုတဲ့ အာမခံချက်တွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုမယ့် ဆည်မြောင်းတာတမံ၊ မြစ်ရေတင်နှင့် မြေအောက်ရေရရှိရေး စီမံကိန်းတွေ၊ စိုက်နည်းစနစ်တွေ၊ အထွက်တိုးသီးနှံမျိုးကောင်းမျိုးသန့်တွေကို ပံ့ပိုးဖြည့်ဆည်းပေးမယ့် အာမခံချက်တွေကို အခု အခြေခံဥပဒေက ပြဋ္ဌာန်းပေးထားပါတယ်။

လယ်သမားတွေအတွက် အဲဒီလို ရပိုင်ခွင့်တွေ ဆောင်ကြဉ်းပေးထားသလို အလုပ်သမားတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမယ်၊ ပြည်သူများ အလုပ်လက်မဲ့နည်းပါးအောင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမယ်၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေးတို့အတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမယ်လို့လဲ အာမခံချက်ပေးထားပါတယ်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကို နိုင်ငံပိုင် မသိမ်းဘူး၊ နိုင်ငံတော်က တရားဝင်ထုတ်ပေးတဲ့ ငွေကြေးကို တရားမဝင် ကြေညာခြင်းမပြုဘူးလို့လဲ အတိအလင်း ပြဋ္ဌာန်းပေးထားတယ်။

ဒါ့အပြင် စီးပွားရေးအရ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးထားတဲ့အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးတွေကိုလည်း လိုလေသေးမရှိ ပြဋ္ဌာန်းပေးထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။

အလားတူပဲ ဒီမိုကရေစီအခွင့်အရေးတွေကိုလည်း ဟိုအရင်ခေတ်တွေထက် ပိုပြီးတန်းတူညီမျှအောင် အခွင့်အလမ်းတူ၊ အဆင့်အတန်းတူအောင် ပြဋ္ဌာန်းပေးထားပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခု တိုးမြှင့်ပေးထားတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသမရှိကြတဲ့ လူနည်းစုတိုင်းရင်းသားတွေ မျက်နှာမငယ်ရအောင် တစ်နိုင်ငံလုံး လူဦးရေရဲ့ ဝ ဒသမ ၁ ရာခိုင်နှုန်းကျော်တဲ့ တိုင်းရင်းသားတိုင်းဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှာ ကိုယ်စားလှယ်တစ်ဦး ပါဝင်ခွင့်ရပြီး ဥပဒေပြုခွင့်အာဏာကို ပါဝင်ကျင့်သုံးနိုင်တယ်။ အဲဒီ ကိုယ်စားလှယ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှာလည်း တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရရှိဦးမှာ ဖြစ်တယ်။ ဒါဟာ အကျဉ်းမျှတင်ပြခြင်းသာဖြစ်ပါတယ်။

နိုင်ငံသားများရဲ့ ရပိုင်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ဘယ်လောက်အထိ ပြဋ္ဌာန်းပေးထားသလဲဆိုတာနဲ့ ပတ်သက်ပြီး ဆောင်းပါးရှင် စိုးမြကျော်က သတင်းစာမှာ "အကောင်းဆုံး" ခေါင်းစဉ်နဲ့ ဆောင်းပါးသုံးပုဒ် ရေးသားတင်ပြထားတာမို့ အသေးစိတ်လေ့လာသိရှိနိုင်ပါတယ်။

အဲဒီလို ကောင်းသထက်ကောင်းတဲ့ အကောင်းဆုံးတွေကို လေ့လာသိရှိလာတာမို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ ပြည်သူလူထုကြီးဟာ ဖြတ်သန်းခဲ့ရသော ခေတ်အဖုံဖုံမှ ဘဝအတွေ့အကြုံနဲ့ အခြေခံဥပဒေသုံးရပ်ကို နှိုင်းယှဉ်သုံးသပ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေရဲ့ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းတို့က ဆန္ဒမဲပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးသူဦးရေရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက်ထောက်ခံ အတည်ပြုခဲ့ကြတာ ဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ခုဟာ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ ထောက်ခံမှု ရနိုင်/မရနိုင်ဆိုတဲ့ အဓိကအချက်ကတော့ အဲဒီ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်မှု ရှိ/မရှိနဲ့ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပေါ် အခြေခံမှု ရှိ/မရှိဆိုတဲ့အချက်မှာ မူတည်ပါတယ်။

ဇွန် ၁၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လေဘေးသင့်ပြည်သူများအတွက် နေရေး၊ စားရေးတို့ကို ပံ့ပိုးဖြည့်ဆည်းပေးသည့်အပြင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ လေဘေးသင့်ဒေသများတွင်ကျောင်းများအမြန်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ အမြန်ဆုံး ပြုပြင်တည်ဆောက်သွားရန် လိုအပ်ပုံများ၊ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များက ပါဝင်ကူညီပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အားထုတ်ကြိုးပမ်း

ထို့နောက် ဝန်ကြီးချုပ်က မြောင်းမြခရိုင်အဆင့်တာဝန်ရှိသူများအနေဖြင့် လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဖြည့်ဆည်းစီမံဆောင်ရွက်သည်သာမက မိမိခရိုင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ခရိုင်၏ မိုးစပါး စိုက်ဧကများ အပြည့်အဝအချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

မြို့ကွက်သစ်ဖော်ထုတ်

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လပွတ္တာမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့ တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်နိုင်ရေးအတွက် (၃)မိုင် ကယ်ဆယ်ရေးစခန်းပတ်ဝန်းကျင်ရှိ မြေနေရာများအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိမိတို့ဒေသသို့ ပြန်လည်မနေလိုတော့သည့် လေဘေးသင့်ပြည်သူများအား မြေနေရာချထားပေးမည့် ခုနစ်မိုင် မြို့ကွက်သစ်ဖော်ထုတ်ရေးနေရာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက အဆိုပြုမြို့ကွက်သစ်များ၌ ဖော်ထုတ်နိုင်မည့် မြေကွက်များအခြေအနေကို မြေပုံများဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြို့ကွက်သစ်ဖော်ထုတ်ရန် လျာထားသည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် (၅)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ထားသည့် (၅)မိုင်ကယ်ဆယ်ရေးစခန်းတွင် ကလေးငယ်များအား ယာယီကျောင်းဆောင်ဖြင့် စာသင်ကြားပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် (၃)မိုင်ကယ်ဆယ်ရေးစခန်းသို့ ပြန်လည်ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းအခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် (၃)မိုင်ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ထွက်ခွာ၍ မြို့ကွက်သစ်ဖော်ထုတ်ရန် အဆိုပြုလျာထားသည့် မြေနေရာများကို ရဟတ်ယာဉ်ဖြင့် ထပ်မံလှည့်လည်ကြည့်ရှုကြပြီး ပုသိမ်မြို့သို့ ညနေ ၃နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရွှေမင်းကံ မိုးကုတ်ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၆

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့် ဓမ္မကထိကဆရာတော် ဦးကေသရ(ရွှေမင်းကံ)သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက် ဩဇာလမ်းရှိမိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်း၌ နေ့ပိုင်း ခုနစ်ရက် တရားစခန်းပွဲကို ဇွန် ၂၁ရက်မှ၂၇ ရက်အထိ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

ရွှေမင်းကံဆရာတော်၏ (၅၂)နှစ်မြောက် မွေးနေ့ဖြစ်သည့် ဇွန် ၂၇ ရက်တွင် ဆရာတော်ကြီးဦးဇနိတာလင်္ကာရက ရေစက်ချတရားများ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

စိတ်ဝင်စားဖွယ်ရာ ကဏ္ဍမျိုးစုံပါဝင် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၀)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

၁၉၉၆ ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ပြည်တွင်းပြည်ပသတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ်ဂျာနယ် အမှတ်(၆၂၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉)လမ်းထောင့် **Central Tower** ပထမထပ်ရှိ **Sewsone Media Group** မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ကဏ္ဍမျိုးစုံ

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် အဆိုတော်ဖြိုးကြီးနှင့် အကယ်ဒမီစိုးမြတ်နန္ဒာတို့၏အိမ်ထောင်ရေးပြဿနာ၊ မူးယစ်ဆေးနှင့် အနုပညာရှင်တို့အမြင်၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နာဂစ်ကဲ့သို့ မုန်တိုင်းများ မကြာခဏဖြစ်နိုင်၊ ပူနွေးလာမှု၏ ၉၀ရာခိုင်နှုန်းသည် လူသားတို့ကြောင့်ဖြစ်၊ သစ်သား၏သဘာဝအရောင်များဖြင့် အနုစိတ် ခြယ်မှုန်းထားသော ပထမဆုံးသစ်ကပ်ပန်းချီကား အရောင်းဆိုင်ဖွင့်လှစ်ပြီ၊ မုန်တိုင်းအပြီး ရန်ကုန်မြစ်ထွက်ပေါက်များ ပိတ်ဆို့နေခြင်းကို ဇူလိုင်လအတွင်း ယန္တရားများဖြင့် အပြီးရှင်းလင်းမည်၊ ငါးများ၏ ခန္ဓာကိုယ်ပေါ်၌ အမှတ်အသားများပြုလုပ်၍ သုတေသနပြုလုပ်လျက်ရှိ၊ ရေယာဉ်များဆိုက်ကပ်ရေးအဆင်ပြေနိုင်ရန် ဖော်ယာများ အချိန်မီ ပြုပြင်ရန်လိုအပ်၊ ဧရာဝတီတိုင်းရှိ ဓနိတောများ ပြန်လည်အသုံးပြုနိုင်ရန် သုံးနှစ်အချိန်ယူရမည်၊ တရုတ်ငလျင်ကြောင့်ဖြစ်ပေါ်သော ရေအိုင်ကြီးရေလျှံမှုကြောင့် မော်လမြိုင်မြို့နယ်ရှိ ရွာများရွှေ့ပြောင်းရမည်ဆိုသည့်သတင်း မမှန်ကန်၊ အမေရိကန်မှ နွားရူးရောဂါဖြစ်နေသော အမဲသားများ တင်သွင်းခဲ့၍ တောင်ကိုရီးယားတွင် ပြဿနာဖြစ်၊ မြန်မာနိုင်ငံရောက် အင်ဒိုနီးရှားဆေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခြင်း၊ လေဘေးသင့်ပြည်သူများ၏ စိတ်ခွန်အားအတွက် အနုပညာရှင်များ သွားရောက်ဖျော်ဖြေ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ပုဂ္ဂလိကမီဒီယာများ၏ စုပေါင်းညီညွတ်မှု အလှူဒါန၊ ဂျပန်တွင် သီဆိုဖျော်ဖြေခဲ့သည့် သဇင်၊ တရုတ်ပြည်တောင်ပိုင်းတွင် ပြင်းထန်သည့် မိုးသက်မုန်တိုင်းများကျရောက်၊ မိုးကုတ်မြို့တွင် ရေကြီး၊ မြေပြို၍ လူ ၁၁ဦးသေဆုံးခဲ့ရသည့် သတင်းဓာတ်ပုံအပြည့်အစုံ၊ အဖေများနေ့အတွက် အနုပညာရှင်များ၏ မေတ္တာတော်တမ်းချင်းများ၊ ရေကြီးခြင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင် ကာကွယ်နည်းများ၊ ပေါင် ၅၀၀လျော့ကျသွားသည့် ကမ္ဘာ့အဝဆုံးလူသားက မွေးနေ့ပွဲကျင်းပပြီး လက်ထပ်နိုင်ရန် မျှော်လင့်နေ၊ ကျောကုန်းတွင် လိင်အင်္ဂါအပိုပါသော ကလေးမွေးဖွား၊ ရွှေမိုး ငွေမိုး ရွာစေလိုသူ သူဌေးက လေယာဉ်ပေါ်မှ ငွေစက္ကူများကြဲချ၊ ဗီယက်နမ်ကောင်းကင်မှာ ပန်းကန်ပြားပျံ ပေါက်ကွဲခဲ့သလား၊ ကမ္ဘောဒီးယား၏ ၄၂ထပ်မြင့် ပထမဆုံးမိုးပျံ အဆောက်အအုံ၊ ရှိမေးနီးယား တိုက်လေယာဉ်နှင့် ပန်းကန်ပြားပျံတစ်စင်း တိုက်မိခဲ့ဟုဆိုစသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်စလူမြို့ ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား မိသားစုအလိုက် ရွက်ဖျင်တဲများဖြင့် နေရာချထားပေးစဉ်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထား ကူညီလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၆

ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် စာနာထောက်ထား၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ကူညီလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၏ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

အလှူငွေများ

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ် (၁၆/က) ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများ

ပစ္စည်းများကို ဦးသန်းဦး(ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်-လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး ရန်ကုန်မြို့သို့ ဆက်သွယ်၍လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမှတ် ၇၀-၇၂ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၈ခုနှစ် ဇွန်၁၁ရက်တွင် ကွယ်လွန်သွားသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H. E. Mr. Vo Van Kiet အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

(အပေါ်ပုံ) (သတင်းစဉ်)

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် သန်လျင်၌ တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၆

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်(သန်လျင်) ခုနစ်ရက်တရားစခန်းကို ဇွန် ၁၈ ရက်ညနေတွင်စတင်ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် အမျိုးသားမှတ်ပုံတင်များယူဆောင်၍ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မဟာဗျူဟာအသင်းချုပ်သို့ ညနေ ၃ နာရီထက် နောက်မကျစေဘဲ လာရောက်ပါက သန်လျင်တရားရိပ်သာသို့ ကားဖြင့် ပို့ဆောင်ပေးမည်ဖြစ်ရာ ဖုန်း-၃၇၀၉၅၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ငန်းတေးကျေးရွာနှင့် လှိုင်ရပ်ကွက်ဆက်သွယ်သည့် ကတ္တရာလမ်းထပ်ပိုးလွှာခင်း မော်လမြိုင်ပြည်သူ့ဆေးရုံ ကလေးတိုးချဲ့ သုံးထပ်လူနာဆောင် ဆောက်လုပ်

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါ၍ မေ ၂၈ရက် နံနက် ၈နာရီက ငန်းတေးကျေးရွာသို့ရောက်ရှိရာ ငန်းတေးကျေးရွာနှင့် သာယာအေးရပ်ကွက်ကို ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းအားကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေးဝဲယာရေစီးရေလာကောင်းမွန်ရေးနှင့် လူနေအိမ်များ စနစ်တကျဆောက်လုပ်နေထိုင်ရေးကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငန်းတေးကျေးရွာနှင့် လှိုင်ရပ်ကွက်ကို ဆက်သွယ်သည့် ကတ္တရာလမ်းအား ထပ်ပိုးလွှာခင်း ဆောင်ရွက်နေခြင်းနှင့် လမ်းကြိတ်စက်ဖြင့် ကတ္တရာလမ်းအား လမ်းချောအဖြစ် ဆောင်ရွက်နေခြင်းများကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** တာဝန်ရှိသူများအား မြို့တွင်းလမ်းနှင့် မြို့ပတ်လမ်းများအား စနစ်တကျ ကောင်းမွန်အောင် ဆောင်ရွက်သွားရေးကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည်မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေး ရေဂါလန်၁၅သိန်းဆံ့ ကန်သုံးကန်စခန်းသို့ ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းအား မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကျော်လင်းက မြို့ရေပေးရေးလုပ်ငန်းနှင့် တစ်နေ့ ရေဂါလန်၃၆သိန်းကို မြို့နေပြည်သူများအား ရေပေးဝေဆောင်ရွက်မှု၊ ရေစုကန်များ ပြုပြင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကတ္တရာထပ်ပိုးလွှာခင်း

ထိုမှတစ်ဆင့်တိုင်းမှူးသည် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အထက (၉) ကျောင်းလမ်းသို့ ရောက်ရှိရာ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရှည် ပေ၁၃၂၀၊ အကျယ် ၁၂ပေလမ်းအား ကတ္တရာလမ်း ထပ်ပိုးလွှာခင်း ဆောင်ရွက်နေခြင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကလေးတိုးချဲ့သုံးထပ်လူနာဆောင်သစ် ဆောက်လုပ်သည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း အား ဟုမ်းတောက်ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးအောင်မိုးကျော်က ကလေးတိုးချဲ့ဆောင် မြေညီထပ်ဧရိယာ ၄၅၇၆ စတုရန်းပေ၊ ပထမထပ်ဧရိယာ၄၂၂၄စတုရန်းပေ ကလေးတိုးချဲ့ဆောင် အဆောက်အအုံသစ်အား သံဆင်ခြင်း၊ သံကူကွန်ကရစ်လောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက်တိုင်းမှူးသည် မော်လမြိုင်မြို့နယ် ပြည်သူ့ဆေးရုံ ကလေးတိုးချဲ့ လူနာဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမသို့ရောက်ရှိရာ မွန်ပြည်နယ်မှ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့်ပြည်သူများအား အဝတ်မျိုးစုံ ထောက်ပံ့ လှူဒါန်းရန် စေတနာရှင်နှင့် လူမှုရေးအသင်းအဖွဲ့များက အမျိုးအစားခွဲခြားပြီး ထုပ်ပိုးနေခြင်းကို လိုက်လံကြည့်ရှုအားပေးပြီး အမြန်ဆုံးပေးပို့သွားရေးကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမော် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်း ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ လှူဒါန်းခြင်းအခမ်းအနားတွင် ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်

မရမ်းကုန်းမြို့နယ် ၁၀ရပ်ကွက် ပါရမီလမ်း အမှတ် ၇နေ ဦးသာထွန်း ဦး-ဒေါ်မြင့်မြင့်တို့၏ ပုလဲရတုမင်္ဂလာအတွက် ကြေးပြား လေးချပ်စုစုပေါင်း တန်ဖိုးငွေကျပ် တစ်သိန်းအား ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၁၆ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လေဘေးသင့်ပြည်သူများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ တိုင်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းငွေနှင့်ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၀၄၄၉၀၅၀ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုဌာနသို့ ခွဲစိတ်ခန်းသုံး Head Lamp ပစ္စည်းတစ်စုံလှူဒါန်း

ရန်ကုန် ဇွန် ၁၆

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာနသို့ ခွဲစိတ်ခန်းသုံး Head Lamp ပစ္စည်းတစ်စုံလှူဒါန်းပွဲအခမ်းအနားကို ဇွန်၅ရက် နံနက် ၁၁နာရီခွဲက ဆေးရုံအုပ်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန ဌာနမှူးပါမောက္ခဒေါက်တာ ကျော်စွာလှိုင်၊ ဆေးရုံအုပ်နှင့်အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုအုပ်နှင့်အလှူရှင် ပြင်ဦးလွင်မြို့နေဗိုလ်မှူးမောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံ လေ့ကျင့်ရေးစခန်း)သားသမီးမိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်ဗိုလ်မှူး မောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံလေ့ကျင့်ရေးစခန်း)မှ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုဌာနအတွက် လိုအပ်သောငွေကျပ် ၂၉သိန်းတန်ဖိုးရှိ ခွဲစိတ်ခန်းသုံး Head Lamp ပစ္စည်းတစ်စုံတို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာ မောင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာကျော်စွာလှိုင် တို့ကလက်ခံ၍ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ပြီး**(အပေါ်ပုံ)** ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

17-6 (10).pmd 1 6/17/2008, 2:09 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပေါ်တူဂီတို့ အုပ်စုကိုဆက်လက်ဦးဆောင်ပြီး ကွာတားတက် အိမ်ရှင်ဆွစ်ဇာလန်တို့ ယူရို၂၀၀၈ ပြိုင်ပွဲတွင် သိက္ခာဆယ်နိုင်ပွဲရ

ဘေဆယ် ဇွန် ၁၆

ယူရို၂၀၀၈ ဘောလုံးပွဲစဉ်များကို ဇွန် ၁၅ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့နှင့် ဂျီနီဗာမြို့တို့တွင် အုပ်စု(က) နောက်ဆုံးပွဲစဉ်နှစ်ပွဲစလုံးကို တစ်ပြိုင်နက် ယှဉ်ပြိုင်ကစားခဲ့သည်။

ဘေဆယ်မြို့တွင် ပေါ်တူဂီနှင့် အိမ်ရှင် ဆွစ်ဇာလန်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဆွစ်ဇာလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော်လည်း ယင်းအုပ်စုတွင် ပေါ်တူဂီက အုပ်စုပထမ၊ တူရကီက အုပ်စုဒုတိယဖြင့် အသီးသီး ကွာတားသို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

ပွဲထွက်ကစား

ဆွစ်ဇာလန်အသင်းတွင် (ဂိုး)ဇူဘာဘူချ်လာ၊ မူလာ၊ မက်ဂနင်၊ ဆန်ဒရို့စ်၊ လစ်ချ်စတိန်းနား၊ ယာကင်၊ ဘက်ချ်ရာမီ၊ ဂျယ်လ်ဆန်၊ အင်လာ၊ ဗွန်လန်သင်၊ ဒါဒီယော့ခ်တို့ ပွဲထွက်ကစားခဲ့သည်။

ပါဝင်

ပေါ်တူဂီအသင်းတွင် (ဂိုး)ရီကာဒို၊ မီရာ၊ မီဂူယယ်၊ ဖရဲရား၊ ပီပီ၊ အဲလ်ဗက်စ်၊ ကွာရက်စ်မာ၊ မီရီလက်စ်၊ နာနီ၊ ဗီလိုဆို၊ ပေါ့စတီဂါတို့ ပါဝင်ကစားခဲ့ကြသည်။

ပထမပိုင်း

ပေါ်တူဂီအသင်းသည် ယခုပွဲမတိုင်မီ နှစ်ပွဲနိုင်ပြီး ကတည်းက ကွာတားတက်ရန် သေချာနေပြီဖြစ်သဖြင့် ယခုပွဲတွင် အရန်ကစားသမား အများအပြား ပွဲထွက်ကစားခဲ့သည်။ အိမ်ရှင် ဆွစ်ဇာလန်သည် ပြိုင်ပွဲမှ ထွက်ရန် သေချာနေပြီဖြစ်သော်လည်း သိက္ခာအတွက် အထူးကြိုးစားကစားခဲ့သည်။ ပထမပိုင်းပွဲချိန် ၁၈မိနစ်တွင် ဆွစ်ဇာလန်ဂိုးဧရိယာ အပြင်ဘက်တွင် ပေါ်တူဂီတို့ရသော အလွတ်တည်ကန်ဘောကို နာနီကန်သွင်းရာ ပီပီကိုထိပြီး လမ်းကြောင်းပြောင်းလျက် ဆွစ်ဇာလန်ဂိုးသမား၏ အပေါ်မှကျော်ကာ ဘားတန်းထိပြီး ဂိုးလွဲသော ဖြစ်သွားခဲ့သည်။ ပထမပိုင်း ပွဲပြီးခါနီးတွင် ဆွစ်ဇာလန်အသင်းမှ အင်လာ ကန်သွင်းသော ဘောလုံးကို ရီကာဒို ပုတ်ထုတ်လိုက်စဉ် ယာကင်က ပြေးပိတ်သော်လည်း ရီကာဒိုဖမ်းမိခဲ့သဖြင့် နှစ်သင်းစလုံး ပထမပိုင်းပွဲပြီးသည်အထိ ဂိုးမသွင်းနိုင်ဘဲ သရေကျနေခဲ့သည်။

မဖန်တီးနိုင်ခဲ့

ဒုတိယပိုင်းတွင် ဆွစ်ဇာလန်တို့ ဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း အတွေ့အကြုံရင့်ကျက်သော ပေါ်တူဂီအသင်းက ၎င်းတို့ကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၅၃မိနစ်တွင် နာနီ ဂိုးသွင်းခွင့်ရသော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။

ပွဲချိန် ၇၁မိနစ်တွင် တိုက်စစ်မှူး ဒါဒီယော့ခ် ဖန်တီးပေး မှုမှတစ်ဆင့် တိုက်စစ်မှူး ယာကင်က ဆွစ်ဇာလန်အတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၈၃မိနစ်တွင် ယာကင်ကပင် ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးနှင့် ပွဲသိမ်းဂိုး သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဆွစ်ဇာလန်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

ဆွစ်ဇာလန်အသင်းမှ တိုက်စစ်မှူး ယာကင်ကပယ်နယ်တီ ဂိုးသွင်းယူခဲ့စဉ်။

(အင်တာနက်ဓာတ်ပုံ)

ချယ်လ်ဆီးတွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရမည် နည်းပြသစ်စကိုလာရီ ထုတ်ဖော်ပြောကြား

လန်ဒန် ဇွန် ၁၆

စကိုလာရီ(**အောက်ယာပုံ**)က ၎င်းအနေဖြင့် ဇူလိုင် ၁ရက်တွင် ချယ်လ်ဆီးနည်းပြဖြစ်လာလျှင် အဓိက ရင်ဆိုင်ရမည်မှာ စိန်ခေါ်မှုနှင့် ငွေကြေးလုံလောက်စွာ ရရှိရေးပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိသည် ပေါ်တူဂီတွင် ငါးနှစ်ခွဲကြာ နည်းပြလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအတွေ့အကြုံများက အသင်းတစ်သင်းကို ကိုင်တွယ်ရာမှာ ကောင်းစွာ နားလည်သဘောပေါက်ထားကြောင်း ပေါ်တူဂီနည်းပြက ပြောကြားသည်။

မိမိသည် ယခုအခါ အသက် ၅၉နှစ် ရှိပြီဖြစ်ကြောင်း၊ အသက် ၇၀မတိုင်မီ နည်းပြလောကမှ အနားယူမည်ဖြစ်ကြောင်း၊ နောက်လေးနှစ်ငါးနှစ်အတွင်း နည်းပြအဖြစ်မှ အနားယူရန်စဉ်းစားထားကြောင်း စကိုလာရီက ပြောကြားသည်။

ဆွတ်ခူးပေးနိုင်ခဲ့

စကိုလာရီသည် ဘရာဇီးအသင်းနှင့်အတူ ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် နည်းပြအကျော်အမော်ဖြစ်သည်။ ယူရို၂၀၀၄ တွင်လည်း ပေါ်တူဂီအသင်းကို ဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။ ဘရာဇီးနိုင်ငံ၌ ပြည်တွင်းလိဂ်ဖလားကိုးလုံးကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့သည်။

မိမိသည် နည်းပြကောင်းတစ်ဦးဖြစ်သည်ဟု ယူဆမိကြောင်း၊ ကလပ်အသင်းနည်းပြအတွေ့အကြုံ အနှစ်၂၀ ရှိကြောင်း၊ ကလပ်အသင်းများ၏ သဘောသဘာဝအခြေအနေကို သိရှိထားကြောင်း စကိုလာရီက ပြောကြားသည်။ အင်္ဂလိပ်၊ ပေါ်တူဂီ၊ ဂျာမန်၊ အီတလီစကားများ ပြောဆိုနိုင်သဖြင့် ကစားသမားများနှင့် ပြောဆိုဆက်ဆံရာတွင် ပို၍အဆင်ပြေကြောင်းဖြင့်လည်း စကိုလာရီက ပြောကြားသည်။

ချယ်ဆီးလ်ကစားသမားများ အနေဖြင့်လည်း စကိုလာရီ ချယ်လ်ဆီးနည်းပြဖြစ်လာခြင်းကို ကြိုဆိုခဲ့ကြသည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယား ဂျာရီဝက်ဘာအေတီပီအိုးပင်းဖလားဆွတ်ခူး

ဘာလင် ဇွန် ၁၆

ကမ္ဘာ့ထိပ်တန်း တင်းနစ်ကစားသမားရော်ဂျာဖက်ဒဲယားသည် ဂျာမနီနိုင်ငံ ဟယ်လီမြို့၌ကျင်းပသော ဂျာရီဝက်ဘာအေတီပီ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျာမနီမှ ဖီးလစ်ကိုရှရီဘာအား ၆-၃၊ ၆-၄ဖြင့် နိုင်ပြီး ပဉ္စမအကြိမ်မြောက် ဖလားဆွတ်ခူးသွားသည်။

အနိုင်ရရှိ

အဆိုပါ အနိုင်ရမှုသည် ဖက်ဒဲယားအတွက် ၅၉ပွဲမြောက် မြက်ခင်းကွင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အသက် ၂၄နှစ်ရှိ ကိုရှရီဘာသည် အကြိုဗိုလ်လုပွဲတွင် ဂျိမ်းဘလိတ်အား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဖက်ဒဲယား(**အပေါ်ပုံ**)သည် ယင်းပွဲအနိုင်ရလိုက်ခြင်းကြောင့် ဝင်ဘယ်ဒန်တွင်လည်း အနိုင်ရရှိရန် ပြင်ဆင်နိုင်ခဲ့သည်။ ဖက်ဒဲယားသည် ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက်ဖလား ဆွတ်ခူးအနိုင်ရဗိုလ်စွဲနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ **(အင်တာနက်)**

တူရကီအသင်း အရှုံးမှအနိုင်ရလဒ်သို့ ပြောင်းလဲဖန်တီးနိုင်ခဲ့ ချက်အသင်း၏ ကွာတားတက်ရေးအိပ်မက် ပျက်ပြယ်သွားခဲ့

ချက်အသင်းအတွက် ဒုတိယဂိုးကို ပလာဆီလ်က သွင်းယူခဲ့စဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျီနီဗာ ဇွန် ၁၆

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၅ရက်က ဆက်လက်ကျင်းပခဲ့သည်။ အုပ်စု(က)နောက်ဆုံးပွဲစဉ်များကို တစ်ပြိုင်တည်းယှဉ်ပြိုင်ခဲ့ကြသည်။ ဂျီနီဗာမြို့၌ ယှဉ်ပြိုင်သော တူရကီနှင့် ချက်တို့ပွဲစဉ်တွင် တူရကီက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုဒုတိယဖြင့် ကွာတားသို့ တက်ရောက်သွားပြီဖြစ်သည်။

ကစားခဲ့ကြ

တူရကီအသင်းတွင် ဒီမီရယ်၊ အယ်လ်တင်တော့၊ ဂန်ဂေါ်၊ စီတင်၊ ဘယ်လ်တာ၊ တိုပယ်လ်၊ အော်ရယ်လီယို၊ တူရန်၊ ဆန်လီ၊ နီဟက်၊ဆင်တာ့ခ်တို့ ပါဝင်ကစားခဲ့ကြသည်။

ချက်အသင်းတွင် ပီတာချက်၊ ဂိုင်ဂီရာ၊ အုဂျ်ဖာလူဆီ၊ ရှိဗီနယ်လ်၊ ဂျန်ကူလော့ဗ်စကီ၊ ဆီယွန်ကို၊ မာတီဂျော့ဗ်စကီ၊ ဂါလာဆက်ခ်၊ ပိုလက်ခ်၊ ပလာဆီလ်၊ ဂျန်ခိုလာတို့ ပွဲထွက်ကစားခဲ့သည်။

သွင်းယူခဲ့

တူရကီအသင်းနှင့် ချက်အသင်း နှစ်သင်းစလုံး ကွာတားတက်ရေးအတွက် တန်းတူအခွင့်အရေး ရှိနေကြရာ အနိုင်ရရှိရေး အကြိတ်အနယ် ကစားခဲ့ကြသည်။ ပထမပိုင်းတွင် ချက်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု များများဖြင့် တူရကီအသင်းဘက်သို့ ထိုးဖောက်ကစားရာမှ ပွဲချိန် ၃၄ မိနစ်တွင် ဂျန်ခိုလာက ချက်အသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် ချက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ချေပဂိုးသွင်း

ဒုတိယပိုင်းတွင်လည်း ချက်အသင်း တရစပ် ထိုးဖောက်တိုက်စစ်ဆင်ကစားရာမှ ၆၂မိနစ်တွင် ပလာဆီလ်က ချက်အသင်းအတွက် ဒုတိယဂိုးကို သွင်းယူပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယဂိုးပေးလိုက်ရပြီးနောက် တူရကီတို့ ချေပဂိုးရရေးအတွက် အပြင်းအထန် ကြိုးစားခဲ့ကြရာ ၇၅မိနစ်တွင် တူရန်က တူရကီအသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။

အိပ်မက်ပျက်ပြယ်

ချေပဂိုးရရှိပြီးနောက် တူရကီတို့ ဂိုးထပ်မံရရေးအတွက် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၈၇မိနစ်တွင် နီဟက်က ဒုတိယဂိုးကို သွင်းယူခဲ့ပြီး နှစ်မိနစ်အကြာ ၈၉မိနစ်တွင် နီဟက်ကပင် တတိယဂိုးနှင့် အနိုင်ဂိုးကို သွင်းယူလိုက်နိုင်မှုကြောင့် ပွဲအပြီးတွင် တူရကီတို့ ချက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ချက်အသင်း၏ ကွာတားတက်ရေး အိပ်မက်မှာ ပျက်ပြယ်မှုနှင့်ဝါးခဲ့ရသည်။

(အင်တာနက်)

ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ တူရကီနှင့်ချက် အသင်းနည်းပြများ၏ ရင်တွင်းမှပဲ့တင်သံ

ဂျီနီဗာ ဇွန် ၁၆

ယူရို၂၀၀၈ အုပ်စု(က)၏ အုပ်စုတွင်း နောက်ဆုံးပွဲစဉ်များကို ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့နှင့် ဂျီနီဗာမြို့များတွင် တစ်ပြိုင်နက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယင်းပွဲစဉ်များပြီးနောက် နည်းပြများ၏ ရင်ဖွင့်ခဲ့ကြသည်များကို ဖော်ပြလိုက်ပါသည်-

ပေါ်တူဂီနည်းပြ စကိုလာရီ

“ကျွန်တော် အမှားကြီးတစ်ခု လုပ်ခဲ့မိပါတယ်။ အရင်ပွဲထွက်ကစားသမား ၁၁ယောက်လုံးကို နောက်ပိုင်းမှာ ပြန်ထည့်ကစားသင့်တယ်။ ဒီပွဲမှာ ဒီလိုရှုံးနိမ့်ခဲ့ရမယ်လို့ ကျွန်တော်မမျှော်လင့်ခဲ့ပါဘူး”ဟု ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားခဲ့သည်။

“ဒီပွဲမှာ ကျွန်တော့်လူတွေ အသင်းလိုက်ကစားပုံ ကောင်းသလို တစ်သင်းလုံး ညီညီညွတ်ညွတ်ရှိကြပါတယ်။ ကွာတားမတက်နိုင်ပေမယ့်လဲ အုပ်စုဗိုလ်ပေါ်တူဂီကို အနိုင်ကစားနိုင်လို့ ဂုဏ်ယူမိပါတယ်”ဟု ဆွစ်ဇာလန်နည်းပြ ကိုဘီခန်းက ရင်ဖွင့်ခဲ့သည်။

ဆွစ်ဇာလန်နည်းပြ ကိုဘီခန်း

တူရကီနည်းပြ ဖာတစ်ချ်တီရင်မ်

“ဒိုင်လူကြီး ပွဲသိမ်းခရာမှုတ်တဲ့ အထိ ကျွန်တော့်ကစားသမားတွေဟာ နိုင်လိုစိတ် ပြင်းပြင်းပြပြနဲ့ ကစားခဲ့ကြတာကိုသိရလို့ ကျွန်တော်ဂုဏ်ယူပါတယ်”ဟု တူရကီနည်းပြ ဖာတစ်ချ်တီရင်မ်က ဖွင့်ဟခဲ့သည်။

အိပ်မက်ဆိုးနဲ့ချက်နည်းပြ

“တတိယဂိုး ပေးလိုက်ရတာကတော့ ကျွန်တော့်အသင်း အမှားတစ်ခု လုပ်ခဲ့ရာက ခံစစ်ကြောင်းပြိုပျက်ပြီး ဂိုးပေးလိုက်ရတာပါ။ ဒီနေ့ပွဲမှာ ဦးဆောင်ဂိုးနှစ်ဂိုး သွင်းထားတာကနေ ရှုံးခဲ့ရတာဟာ မယုံကြည်နိုင်လောက်စရာပါပဲ။ ဒီပွဲမှာ ရှုံးနိမ့်ခဲ့ရတဲ့ အိပ်မက်ဆိုးကြီးကို ညပေါင်းများစွာ ဆက်မက်နေမိမှာကတော့ အသေအချာပါပဲ”ဟု ချက်အသင်းနည်းပြ ကာရီလ်ဘရွတ်ခ်နာက ရင်ထုမနာဖွင့်ဟသွားခဲ့သည်။ **(အင်တာနက်)**

ချက်နည်းပြ ကာရီလ်ဘရွတ်ခ်နာ

မြင့်မောင်စိုးနှင့်ချစ်စိုးနိုင် စုစည်းသည်

* အုပ်စုပိုလ် ပေါ်တူဂီအသင်းကို ဆွစ်ဇာလန်တို့ သိက္ခာဆယ် အနိုင်ကစားခဲ့

* တူရကီအသင်း အသင်းလိုက်ကစားပုံကောင်းပြီး ညီညီညွတ်ညွတ်ရှိကြ

* စကိုလာရီသည် ဘရာဇီးအသင်းနှင့်အတူ ၂၀၀၂ကမ္ဘာ့ဖလားကို ရယူပေးခဲ့

* ဖက်ဒဲယားသည် ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက် ဗိုလ်စွဲရန်ပြင်ဆင်

ဆရာ ဆရာမများ၏ စာသင်သံ၊ ကျောင်းသားကျောင်းသူများ၏ စာဆိုသံများလွှမ်းနေသည့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကျေးရွာစာသင်ကျောင်းများ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၁၆

နံနက်ခင်း အလင်းရောင် ပျိုးစမှာပင် စက်လှေဖြင့် ဒေါင်းရေကျော်ရွာသို့ ထွက်ခဲ့သည်။ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးလက်စာသင်ကျောင်း အခြေအနေကို ကိုယ်တိုင်မြင်တွေ့သိရှိရန် ဖြစ်သည်။

ရေပြင်ကို ရှပ်တိုက် ခုတ်မောင်းလာသော စက်လှေပေါ်မှနေ၍ မြစ်ကမ်းဘက်မြင်ကွင်းများကို ကြည့်လာရာ ထွန်တုံးတပ် ကျွဲနှင့် နွားများအား မောင်းနှင်လာသူများကို မြင်တွေ့ရသည်။ လယ်ယာလုပ်ငန်းခွင် ဝင်ရန်သွားနေသူ လယ်သမားပင် ဖြစ်မည်။

အချိန် အတန်ကြာသော် ချောင်းလက်တက်တစ်ခုအတွင်း စက်လှေကို

ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်းကျေးရွာအုပ်စုရှိ ကျွဲခြံဝ မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေစဉ်။

ကွေ့ဝင်လိုက်ရာ ဒေါင်းရေကျော်ရွာအား ဘွားခနဲမြင်တွေ့လိုက်ရသည်။ ချောင်းကမ်းနံဘေးတစ်လျှောက် အစီအရီဆောက်လုပ်ထားသော နေအိမ်များ၊ တာပေါ်လင်စများမိုးထားသည့် နေအိမ်များကို မြင်တွေ့ရသည်။

စက်လှေဆိပ်ကပ်ပြီးကမ်းပေါ်တက်လိုက်သည်နှင့် **“ဒေါင်းရေကျော် မူလတန်းကျောင်း”** ဆိုသည့် ဆိုင်းဘုတ်ကို အထင်းသား မြင်တွေ့လိုက်ရသည်။ စာသင်ကျောင်းမှာ ပြိုပျက်ခဲ့ခြင်း ဖြစ်ပုံမရ။ သို့သော် အမိုးသွပ်များကား အသစ်ဖြစ်နေသည်။ ကျောင်းအတွင်း ကလေးငယ်များ စာအံသံကို ကြားနေရသည်။

ကျောင်းအပေါ်သို့ ရောက်ရာ ကလေးငယ်များ အတန်းပြည့် စာသင်နေကြသည်ကို တွေ့ရသည်။ စာအံကြ၊ စာရေးကြနှင့် ဆရာမများသင်ကြားနေသည်ကို နားထောင်နေကြသည့် ကလေးငယ်များမှာ တကယ့် အပြစ်ကင်းသည့် အရွယ်များပင်ဖြစ်သည်။ ဒေါင်းရေကျော် မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက **“ဒီကျောင်းလဲ လေဘေးဒဏ်ခံခဲ့ရတာပါပဲ။ အမိုးတွေ အကုန်ပွင့်ထွက်သွားတယ်။ အခုသွပ်အချပ် ၉၀ရပြီး ပြန်မိုးထားပါတယ်။ ကျောင်းသူကျောင်းသား ၈၅ဦး ကျောင်းတက်နေပြီး ဇွန် ၄ရက်ကတည်းက ကျောင်းဖွင့်၍ စာသင်နေပါတယ်”** ဟု ရှင်းပြသည်။ သပ်သပ်ရပ်ရပ်နှင့် စနစ်တကျရှိသော

ကျောင်းသားကျောင်းသူ ၈၅ ဦး ကျောင်းတက်နေကြပါပြီ။
(ဒေါ်စန်းစန်းဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါင်းရေကျော် မူလတန်းကျောင်း)

စာသင်ကျောင်းကိုကြည့်ကာ နောက်တစ်ရွာသို့ စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

ကျွဲခြံမြစ်ကိုစက်လှေဖြတ်သန်းသောအခါ မြစ်ကပိုကျယ်လာသည်။ လေတိုက်ပြီး မိုးပါရွာလာသဖြင့် စက်လှေကို ဖြည်းဖြည်းထိန်းပြီး မောင်းနှင်ရသည်။ မိုးကား ပတ်ဝန်းကျင်ကို လှမ်းကြည့်၍ မရအောင် ခပ်သည်းသည်း ရွာနေသဖြင့် စက်လှေကို ကမ်းနားကပ်ခါမောင်းနှင်ရသည်။ စက်လှေရပ်သွားသဖြင့် ကြည့်လိုက်ရာ ကျွဲခြံဝရွာရှိ နီးစပ်ရာကမ်းစပ်ကို ထိုးကပ် ရပ်လိုက်ခြင်းဖြစ်သည်။ မိုးစဲသည်အထိ ခေတ္တစောင့်ပြီး ကျွဲခြံဝ မူလတန်းကျောင်း သို့ထွက်လာခဲ့သည်။ ရွာလမ်းတစ်လျှောက် ဝဲယာတွင် နေအိမ်များ ပြန်လည်တည် ဆောက်ပြီး ဖြစ်နေသည်ကို တွေ့ရသည်။ ကျွဲခြံဝရွာသည် သင်ဖြူးဖျာရက်လုပ်သောရွာ ဖြစ်ပြီး ထိုလုပ်ငန်းဖြင့် ရွာသား အတော်များများ အသက်မွေးဝမ်းကျောင်း ပြုကြသည်ကို တွေ့ရသည်။

ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာအသီးသီး၌ ကျောင်းသား ကျောင်းသူများ ရွက်ဖျင်စာသင်တဲများဖြင့် စာသင်ကြားနေစဉ်။

ကျွဲခြံဝ မူလတန်းကျောင်းမှာ သွပ်မိုး၊ ပျဉ်ထောင်ဖြစ်သည်။ ကျောင်းပေါ်သို့ တက်လိုက်ရာ စာသင်နေသော ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို တွေ့ရသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာသန့်နှင့် တွေ့ဆုံကာ ကျောင်းပြန်လည်ပြုပြင်မှုနှင့် စာသင်ကြားမှုများကို မေးမြန်းရာ **“လေဘေးဒဏ်ကြောင့် အမိုးတွေအကုန်ပွင့်ထွက်သွားတယ်။ သွပ် ၁၃၄ချပ်နဲ့ သွပ်သံတွေရရှိပြီး ကျောင်းကို ပြန်မိုးထားတာမို့ ပုံမှန်စာသင်ကြားနိုင်တာပေါ့။ ဇွန် ၆ ရက်ကစပြီး ကျောင်းပြန်ဖွင့် စာသင်နေတာပါ။ ကျောင်းသူကျောင်းသား ၁၁၅ ဦးရှိပါတယ်။ မနှစ်ကထက် ပိုများတယ်”** ဟု ဖြေကြားသည်။

ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာအသီးသီး၌ စာသင်ကြားပြီးပြန်လာသော ဆရာ ဆရာမများအား ဆိပ်ကမ်းတွင် တွေ့ရစဉ်။

ထို့နောက် စတုတ္ထတန်း၌ စာသင်ကြားနေသော ကျောင်းသူလေးတစ်ဦးကို မေးမြန်းရာ **“သမီးနာမည်က မနွယ်နွယ်ဝင်းပါ။ သမီးတို့ ကျောင်းတက်နေတာ ၁၀ ရက်လောက်ရှိနေပြီ။ ဆရာမတွေက နှစ်စကတည်းက စာတွေသင်ပြီးမေးနေလို့ သမီးတို့စာတွေ ကျက်နေရပါပြီ”** ဟု ဖြေကြားသည်။

စာတွေကျက်နေရပါပြီ။
(မနွယ်နွယ်ဝင်း စတုတ္ထတန်း ကျောင်းသူ ကျွဲခြံဝ မူလတန်းကျောင်း)

ထို့နောက် ကျွဲခြံဝမူလတန်း ကျောင်းမှ စက်လှေဖြင့် နောက်ထပ်တစ်ရွာဖြစ်သည့် ထီယာလိရွာသို့ဆက်လက်ထွက်ခွာခဲ့သည်။ ထီယာလိရွာသည် ကျွဲခြံဝရွာမှ နာရီဝက်ခန့် စက်လှေဖြင့် သွားရသည်။ မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသဖြင့် စက်လှေ ဆိပ်ကပ်ပြီး တက်လိုက်သည်နှင့် ရွာလယ်သို့ ရောက်ရှိလေသည်။

ထီယာလိကျေးရွာ စာသင်ကျောင်းမှာ တွဲဖက်အလယ်တန်းကျောင်း ဖြစ်သည်။ ကျောင်းဆောင်များမှာ လေဘေးဒဏ် ဆိုးဆိုးရွားရွား ခံထားရသဖြင့် အချို့စာသင်ဆောင်များ အမိုးပွင့်ပြီး တွဲဖက် အလယ်တန်းကျောင်းဆောင်မှာ ပြိုကျသွားခဲ့သည်။ ထို့ကြောင့် မူလတန်းကျောင်းဆောင်အတွင်းမူလတန်းကျောင်းသားများ စာသင်နေကြသလို အလယ်တန်းကျောင်းသားများက ယာယီ ရွက်ဖျင် စာသင်တဲများနှင့် စာသင်နေကြသည်ကို တွေ့ရသည်။

ထို့ကြောင့်စာသင်နေသော ထီယာလိ မူလတန်းကျောင်းမှ ဆရာဦးဌေးလှိုင်(လယ်ပြ/မူ)နှင့် တွေ့ဆုံမေးမြန်းရာ **“ဒီကျောင်းမှာအခု မူလတန်းကျောင်းသူ ကျောင်းသား ၁၇၇ဦးနဲ့ အလယ်တန်းကျောင်းသူ ကျောင်းသား ၇၅ဦး ရှိပါတယ်။ ကျောင်းဖွင့် စာသင်နေတာလဲ အရှိန်ရနေပါပြီ။ ကျောင်းသားဦးရေထပ်တိုးဖို့တောင်ရှိပါတယ်။ ကျောင်းပြင်ဆင်မှုတွေလည်း အမြန်ဆုံးပြုလုပ်နေပြီဖြစ်ပါတယ်။ မကြာခင်မူလစာသင်ဆောင်တွေမှာစာသင်နိုင်တော့မှာပါ”** ဟု ပြောကြားသည်။ ထီယာလိကျေးရွာ စာသင်ကျောင်းမှာ သွပ်မိုး၊ အုတ်ကာ အမျိုးအစားဖြစ်ပြီး စာသင်ကျောင်းပုံစံက ခိုင်ခံ့သည်။

ထို့နောက်ကျောင်းသူကျောင်းသားများ စာသင်ကြားနေမှုကို လိုက်လံလေ့လာပြီး စက်လှေဆိပ်သို့ ပြန်ဆင်းခဲ့သည်။ ထီယာလိကျေးရွာမှ မော်လမြိုင်ကျွန်းမြို့သို့အပြန် စက်လှေပေါ်တွင် သွားရောက်လေ့လာခဲ့သည့် ကျေးရွာစာသင်ကျောင်းများမှ ကလေးငယ်များ၏ စာအံသံများကား နားထဲက မထွက်တော့ပါချေ။ ။ **(မြန်မာ့အလင်း)**

ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ထီယာလိကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေစဉ်။

ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်းကျေးရွာအုပ်စုရှိ ဒေါင်းရေကျော် မူလတန်းကျောင်းကို တွေ့ရစဉ်။

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်ပွဲ
တိုင်းမှူးပိုလ်မှူးချုပ်တင်ငွေအမှာစကားပြောကြားပြီး အလှူငွေနှင့် ပစ္စည်းများလက်ခံ

နေပြည်တော် ဇွန် ၁၆

လေဘေးသင့်ပြည်သူများအတွက် တတိယအကြိမ်အလှူငွေနှင့် ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကိုမေ၂၇ရက် မွန်းလွဲ ၂နာရီက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ တက်ရောက် အမှာစကားပြောကြားပြီး အလှူငွေနှင့်ပစ္စည်းများလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးထံသို့ အလှူငွေများကိုပေးအပ်ရာ ရမည်းသင်းမြို့နယ် အတွင်းရှိ ပြည်သူများမှ ငွေကျပ်၂၀၈၅၅၈၀၅**(ယာပုံ)**၊ နာဂစ်လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးအဖွဲ့ (ပြင်ဦးလွင်)မှ ငွေကျပ် ၂၀၅၅၁၂၉၀၊ မန္တလေးမြို့ ဗုဒ္ဓဘာသာဖူကျင်ဘုရားကျောင်းမှ ငွေကျပ် ၂၀၀၀၀၀၀၀၊ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ငွေကျပ် ၁၇၉၅၈၉၄၀၊ မိတ္ထီလာခရိုင်အတွင်းရှိ ပြည်သူများမှ ငွေကျပ် ၁၅၆၀၀၀၀၀၊ ရမည်းသင်းမြို့နယ် ရွှေဖက်စပ်ကုမ္ပဏီများမှ ငွေကျပ် ၁၂၀၀၀၀၀၀၊ လူမျိုးစုဘုံကျောင်း ဦးကျိန်မြင့်၊ ဦးသန်းထိုက်၊ ဦးမျိုးဟန်၊ ဦးကျော်စိန်မှ ငွေကျပ် ၈၀၀၀၀၀၀အားပေးအပ်ပြီး တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများထံသို့ မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဆင့် ပြည်သူများက ငွေကျပ် ၆၅၀၃၁၅၀၊ ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် ပြည်သူများက ငွေကျပ်၆၄၉၂၈၂၀၊ စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့်ပြည်သူများက ငွေကျပ်၅၂၆၅၂၀၀၊ မန္တလေးတိုင်းမထသ(မြို့တွင်း)ကော်မတီနှင့် ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များက ငွေကျပ် ၅၀၀၀၀၀၀၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနက ငွေကျပ်၄၀၀၀၀၀၀၊ မိတ္ထီလာတပ်နယ်မိသားစုက ပထမအကြိမ်လှူဒါန်းငွေကျပ် ၃၉၁၉၅၅၀နှင့် ဒုတိယအကြိမ် ငွေကျပ် ၁၉၀၀၀၀၀၊ 78 Shopping Centre ဆိုင်ခန်းရှင်များ၊ ဝန်ထမ်းများ၊ ဈေးဝယ်လာသည့်ပြည်သူများက ငွေကျပ် ၃၈၆၆၁၁၀၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၃၀၀၀၀၀၀၊ တိုင်းလျှပ်စစ်ဝန်ထမ်း မိသားစုက ငွေကျပ် ၃၀၀၀၀၀၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်း(မန္တလေးအဖွဲ့ခွဲ)က ငွေကျပ် ၃၀၀၀၀၀၀၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှတစ်ဆင့် စေတနာရှင် ၂၁ဦးက ငွေကျပ် ၂၉၃၆၀၀၀၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း)က ငွေကျပ်၂၅၀၀၀၀၀၊ ပုသိမ်ကြီးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှတစ်ဆင့် အများပြည်သူများက ငွေကျပ်၂၀၀၃၃၄၀၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမိသားစုနှင့် မန္တလေးတိုင်းစည်ပင်သာယာရေးရုံး ဝန်ထမ်းများမိသားစုတို့က ငွေကျပ် ၂၀၀၀၀၀၀စီ၊ အိမ်ချွန်းဗုဒ္ဓဘာသာဘုရားကျောင်းမှ ငွေကျပ် ၁၆၀၆၇၀၀၊ မန္တလေး မြောက်ပိုင်း မူးယစ်အဖွဲ့မှ ငွေကျပ် ၁၅၅၀၀၀၀၊ မန္တလေးတိုင်း သမဝါယမဦးစီးဌာန မိသားစုက ငွေကျပ် ၁၅၀၀၀၀၀၊ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းက ငွေကျပ် ၁၃၁၄၅၀၀၊ တပ်မ(၉၉) လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့ဝင်မိသားစုများက ငွေကျပ်၁၁၆၅၅၀၀၊အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်တွင်းရှိ ပြည်သူများက ငွေကျပ် ၁၀၉၁၀၀၀၊ မိုးကုတ်မြို့နယ် လူမှုရေးအသင်း (မန္တလေး)၊ ဝါဇီစက်ရုံ၊ သီရိမန္တလာ အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်း (မော်တော်ယာဉ်ဂိတ်များနှင့် ဈေးသူ၊ဈေးသားများ)၊ မှခင်းတပ်ဖွဲ့ခွဲ(မန္တလေး)မိသားစု၊ ဦးထက်ပိုင်အောင် ရွှေပန်းတိုင်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ အဆင့်မြင့်ဈေးချိုတော်(အကျိုးတော်ဆောင်အဖွဲ့)မှ တောင်ပြုံးမင်းနှစ်ပါး နန်းထိန်းနန်းကြီး မိသားစုတို့က ငွေကျပ်၁၀၀၀၀၀၀စီ၊ ညောင်ဦးခရိုင်အတွင်းရှိ ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်တစ်ဦးက(US$ 5နှင့်ငွေကျပ် ၉၀၂၀၁၀၊ ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်အတွင်းရှိ အလှူရှင်များက ငွေကျပ် ၈၀၀၀၀၀၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ခုနစ် မြို့နယ်က စုပေါင်းလှူဒါန်း ငွေကျပ် ၈၀၀၀၀၀၊ သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီမှတစ်ဆင့် ပြည်သူများက ငွေကျပ် ၇၈၅၉၅၀၊ မဟာအောင်မြေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် ပြည်သူများက ငွေကျပ် ၇၄၁၀၀၀၊ တောင်သာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၇၁၂၄၀၀၊ အမှတ်(၁)တပ်မတော် ဆေးရုံခုတင်(၇၀၀)မိသားစုက ငွေကျပ် ၇၀၀၀၀၀၊ ပြည်ကြီးတံခွန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၆၈၀၀၀၀၊ ချမ်းမြရွှေပြည်ကားပစ္စည်းဈေး ဈေးသူ၊ ဈေးသားများက ပထမအကြိမ် လှူဒါန်းငွေကျပ်၅၄၀၀၀၀နှင့်ဒုတိယအကြိမ် ငွေကျပ် ၃၀၀၀၀၀၊ ဗဟိုမီးသတ်သင်တန်းကျောင်း (ဇီးပင်ကြီး)က ငွေကျပ် ၅၂၇၆၀၀ ပေးအပ်လှူဒါန်းကြရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(၃၁၃)**

ကျောက်ပန်းတောင်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၆ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စကားဝါခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက ချို့တဲ့နွမ်းပါး ကလေးငယ်များအတွက် စာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

သတင်းစာနှင့်ရုပ်မြင်သံကြားပြစက်လှူဒါန်းပွဲ
နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာ၌ကျင်းပ

နောင်ချို ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာမေတ္တာမွန်စာကြည့်တိုက်သို့ သတင်းစာနှင့်ရုပ်မြင်သံကြားပြစက်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ၂၁ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်စန္ဒာစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းသန်းထွေးက ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်ကို လည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃) ဦးတင်မင်းက နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာကို လည်းကောင်း ပေးအပ် လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိန်လွင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

အဆိုပါ ရုပ်မြင်သံကြားပြစက်နှင့် သတင်းစာကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက နောင်ချိုမြို့နယ်သို့ ရောက်ရှိစဉ်အတွင်း ကျေးရွာ၏စေတနာထားဆောင်ရွက်မှုအတွက် ဂုဏ်ပြုဆုအဖြစ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေသော ရေပိုက်လိုင်းအပေါက်များဖာထေးပြုပြင်ခြင်း၊ ရေစုကန်ဆေးကြောခြင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခွန်မြင့်လွင် ဦးစီးဆောင်ရွက်ရာ မေ၂၀ရက်က အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက်
ခြင်ဆေးဖျန်းလုပ်ငန်းများ ဆောင်ရွက်

မြန်အောင် ဇွန် ၁၀

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးဦးရာသီသွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ရေစီးရေလာကောင်းမွန်ရေး၊ လမ်းဘေးဝဲယာ ချုံနွယ်များရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ဇွန်၈ရက်က မြန်အောင် မြို့ပေါ်ရှိ အမကများဖြစ်သော မြို့မတဲကြီးကုန်း၊ ယမ်းတိုက်ကုန်း၊ ရွှေကျောင်း၊ အလယ်ရပ်၊ ယွန်းကျောင်း၊ သဲဖြူ၊ တာကြီးတန်းကျောင်းစသည့် အမက ကျောင်း ခုနစ်ကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးမြင့်သန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်သက်နှင့် ဝန်ထမ်းများက အမက တာကြီး တန်းတွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်ပညာရေးမှူးဦးအုန်းကြိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့
မြို့သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

သထုံ ဇွန် ၈

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာ လှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ၂၇ရက်က မင်းလမ်းမ လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ပေ၂၀၀၀ ဆောင်ရွက်မှုကိုမွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာဦးသန်းဦးတို့ကြည့်ရှုစစ်ဆေးရာ (အပေါ်ပုံ) တာဝန်ခံ အင်ဂျင်နီယာဦးစိုးလွင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) စက်မှုဦးဇော်ဝင်းအောင်တို့က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

မိုးကြိုးထိမှန်၍ တစ်ဦးသေဆုံး၊ သုံးဦးဆေးကုသခံနေရ

မိုးမောက် ဇွန် ၁၂

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျရီကျေးရွာတွင် ဇွန်၆ရက် မွန်းလွဲ ၂နာရီခွဲက မိုးကြိုးထိမှန်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မိုးမောက်မြို့နှင့် ၁၂မိုင်ခန့် ကွာဝေးသည့် ကျရီကျေးရွာနေ ဦးစိန်ဒုံးသျှောင်၏ တောင်ယာစပါးစူးထိုးစိုက်ခင်းတွင် ကျရီအမကမှ ဒေါ်နမ်းခမ်းလင်း(မူပြ)သည် စပါးစူးထိုးစိုက်ပျိုးသည်ကို မမြင်ဖူး၍ သွားရောက်ကြည့်နေစဉ် မိုးရွာသဖြင့် တောင်ယာတဲ၌ မိုးခိုစဉ် မိုးကြိုးထိမှန်၍ နေရာတွင် ပွဲချင်းပြီး သေဆုံးကာ ကျန်သုံးဦးမှာ အတွင်းလူနာအဖြစ် ဆေးကုသခံယူနေကြသည်။

သေဆုံးသူ ဒေါ်နမ်းခမ်းလင်း (၂၀)နှစ်မှာ ဗန်းမော်မြို့ ကန်တော်ကျေးရွာနေ ဦးအိုက်မောင်-ဒေါ်ဆိုင်းအောင်တို့၏သမီးဖြစ်ပြီး ယခုကျောင်းဖွင့်နှစ်မှ စခန့်သည့် ဆရာမတစ်ဦးဖြစ်သည်။ ထိုသေဆုံးမှုနှင့် ပတ်သက်၍ မိုးမောက်မြို့နယ် ရဲစခန်းမှ သေမှုသေခင်း (၃/၂၀၀၈)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ယခုပေးပို့သော စာမျက်နှာကို အသုံးပြုပါရန်

တောင်ကြီးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော် လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

တောင်ကြီး ဇွန် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် လေဘေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ရက်က တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ကန်တော့

အခမ်းအနားသို့ ကန်တော့ခံဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး (၁၉၇၅-၁၉၇၆) တောင်ကြီးကောလိပ်နှင့် (၁၉၇၆-၁၉၇၇မှ၁၉၈၁-၁၉၈၂) တောင်ကြီးဒေသကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံဆရာဆရာမများသို့ တစ်ဦးလျှင်ငွေကျပ်နှစ်သိန်းစီဖြင့်လည်းကောင်း၊ ခရီးစရိတ်နှင့် တည်းခိုစရိတ်များကို လည်းကောင်း ကန်တော့ကြသည်။ **(အောက်ပုံ)** ကန်တော့ပွဲအပြီးတွင် တက်ရောက်လာသူများအား ညစာဖြင့်ဧည့်ခံသည်။

လှူဒါန်း

ထို့နောက် ကန်တော့ခံဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြသော အလှူငွေစုစုပေါင်းငွေကျပ်၁၂သိန်းကို လေဘေးသင့်ဒေသအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) အလှူငွေလက်ခံရေးကော်မတီသို့ မေ၂၆ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်အတွင်းမှ ဆရာတော်ကြီး ၁၂ပါးတို့အား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ၂၄ရက်က မော်လမြိုင်မြို့ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းဝင်းနှင့်မိသားစု က ဆွမ်းဆန်စိမ်းများ လောင်းလှူစဉ်။ (ဝ၁၄)

သံတွဲမြို့ ဝေဠုဝန်ပန်းခြံ ပျိုးဥယျာဉ်အတွင်း အလှပန်းပင်များ ပျိုးထောင်ထားမှုကို မေ ၁၂ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မွေးနေ့အထိမ်းအမှတ် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၁၆

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ဖိုလမ်း မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ အမှတ်ဆ/၁၂နေ ဦးမျိုးမြင့်သန်း - ဒေါ်ငြိမ်းငြိမ်းနိုင်မိသားစုက ဦးမျိုးမြင့်သန်း(ရွှေပြည်သာကုမ္ပဏီ၊ ဆန်းရွှေပြည်ကုမ္ပဏီ၊ ဂရိတ်မားသားမိုတယ်)၏ ၄၇နှစ်ပြည့်မွေးနေ့တွင် ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း မန္တလေးသို့ အလှူငွေကျပ်သုံးသိန်းသုံးသောင်း၊ မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်နှစ်သိန်းသုံးသောင်း၊ မူလငါးစို့တိုက်ပြည်ကြီးမျက်ရှင်ရပ် မန္တလေးမြို့ရှိ မြန်မာပြည်ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအသင်းသို့ အလှူငွေကျပ်နှစ်သိန်းနှင့် အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း မန္တလေးမြို့သို့ ငွေကျပ်နှစ်သိန်းငါးသောင်းတန်ဖိုးရှိ ရေသန့်စက်တစ်လုံးကို မွေးနေ့ဒါနအဖြစ် လှူဒါန်းကြောင်း သိရသည်။ (က-ပ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးဘေးမြေခင်း အလှပြုပြင်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့ ကြီးကြပ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မိဘမဲ့ကလေး သင်တန်းကျောင်းများဖွင့်ရန် ဘားအံမြို့၌ အလှူငွေများ ပေးအပ်လှူဒါန်း

ဘားအံ ဇွန် ၁၀

မုန်တိုင်းဒဏ်သင့်ဒေသများရှိ မိဘမဲ့ကလေးများကို စာရင်းကောက်ယူစုစည်းပြီး ဖျာပုံခရိုင်နှင့် လပွတ္တာမြို့များတွင် မိဘမဲ့ကလေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် မေ၂၁ရက်က ကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံညှိနှိုင်းပွဲတွင် မိဘမဲ့ကလေးသင်တန်းကျောင်းများသို့ ကရင်ပြည်နယ်မှ ငွေကျပ်သိန်းငါးဆယ်ပါဝင်လှူဒါန်းရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုဆုံးဖြတ်ချက်အရ ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဘားအံမြို့နယ် မူလတန်းကြိုကျောင်းမှ ခေတ္တကျောင်းအုပ်၊ လက်ထောက်ပြည်နယ်မှူးဒေါ်အေးအေးမူ၏ စီစဉ်မှုဖြင့် ငွေကျပ်၃၀၇၀၀၀ကိုမေ၂၉ရက်က ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြည်သိန်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဝ၈)

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးရှေ့မျက်နှာစာအလံတိုင်ကွင်း မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်မှုကို မေ ၁၀ရက်က အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်နိုင်ဝင်းတို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သာစည်မြို့နယ်မီးသတ်စခန်းရှိ တိုယိုတာမီးသတ်ယာဉ် ဒီဇယ်အင်ဂျင်ပြောင်းလဲတပ်ဆင်

သာစည် ဇွန် ၄

သာစည်မြို့နယ် မီးသတ်စခန်းရှိ တိုယိုတာမီးသတ်ယာဉ်ကို ရွှေနဂါးကုမ္ပဏီလီမိတက်မိသားစုက ငွေကျပ်သိန်း ၁၂၀ကျော် အကုန်အကျခံ၍ ဒီဇယ်အင်ဂျင်အဖြစ် ပြောင်းလဲတပ်ဆင်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ရက် နံနက် ၁၀နာရီက မြို့နယ်မီးသတ်စခန်းဝင်း၌ ကျင်းပသည်။

လွှဲပြောင်း

ရှေးဦးစွာ မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းဆန်းအေးက ကျေးဇူးတင် စကားပြောကြားပြီး အလှူရှင်သာစည်မြို့ အမှတ် (၄)နယ်မြေ မြို့မရပ်ကွက်မှ ရွှေနဂါးကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်အင်ဖိတ်ဘိနှင့် သားဦးဘဇံတို့က တိုယိုတာမီးသတ်ယာဉ်ကို ဒီဇယ်အင်ဂျင်အဖြစ် ပြောင်းလဲတပ်ဆင်ခဲ့သည့် အထောက်အထား စာရွက်စာတမ်းများကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းသို့ လွှဲပြောင်းပေးအပ်သည်။

ဂုဏ်ပြုလွှာ

ထို့နောက် တိုင်းမီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင် ရွှေနဂါးကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်အင်ဖိတ်ဘိသို့ ဂုဏ်ပြုချီးမြှင့်လွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ဝ၉၄)

လမ်းပေါက်များဖာထေး

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ လမ်းပေါက်များ ဖာထေးပြုပြင်မှုကို မေ၃၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်စိုးစိုးသီတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မဲဇလီကုန်းမြို့၌ ကဆုန်ညောင်ရေသွန်း

အင်္ဂပူ ဇွန် ၃

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ မဟာသီရိ စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကိုခံယူ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၉ ရက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ဂေါပကအဖွဲ့မှ ရင်ပြင်တော်ပေါ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပကြသည်။ (၁၄၀)

လက်ပံတန်းမြို့၌ စိုက်ပျိုးရေး စရိတ်ထုတ်ချေး

လက်ပံတန်း ဇွန် ၉

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဦးမြင့်ဟန်နှင့် ဝန်ထမ်းများသည် ၂၀၀၈-၂၀၀၉ခုနှစ် မိုးရာသီစပါးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပိတ်ရက်မရှိ မေ၂၃ရက်မှ စ၍ စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးလျက်ရှိပြီး ၂၀၀၈-၂၀၀၉ခုနှစ်အတွက် (၅၃)အုပ်စုကို သိန်း ၅၀၀၀ကျော် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၇၅)

အမည်ပြောင်း

လားရှိုးမြို့ အထက(၃) အဋ္ဌမတန်း(ဂ)မှ မအားလန်အား ယနေ့မှစ၍ မချစ်ငြိမ်းစံဟု ပြောင်းလဲခေါ်ပါရန်။ **မချစ်ငြိမ်းစံ။**

ဖခင်အမည်မှန်

အထက(၃) ကမာရွတ် တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဝင်းနိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတန်ကျင်ဟုတ် ၁၂/ကမရ(နိုင်)၀၀၀၁၂၆ ဖြစ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၁၂၉၉၊ Toyota Corolla KE70 S/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစိုင်း မှတ်ပုံတင်အမှတ် ၁၃/လလန(နိုင်)၀၁၆၃၃၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး လွိုင်လင်မြို့။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၇၁၅၀ Kenbo, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဖိုလ် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၁၃၁၈၀၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

အေးငြိမ်းသီတာ

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေ၊ အမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့် ပုဒ်မ ၁၁၅)

တရားရုံးချုပ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၇၄

ဒေါ်ငွေသောင်း ပါ-၅ **နှင့်** ဒေါ်ဥမ္မာမော်

(အယူခံတရားလိုအမှတ်-၅

ကိုယ်တိုင်နှင့် ၁မှ၄အထိ

အယူခံတရားလိုများ၏

အခွင့်ရကိုယ်စားလှယ်)

(အယူခံတရားလိုများ) **(အယူခံတရားပြိုင်)**

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃ရက် နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၂၀၂/၂၀၀၅၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ အမှတ်၂၃(ဘီ)၊ ကန်ရိပ်သာလမ်း၊ ၁၀ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင် သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီဂရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးအောင်ကျော်ဇံက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၈ခုနှစ် ဇူလိုင် ၄ရက် နံနက်၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စား သင်၏ တရားရုံးချုပ်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ ခုနှစ် ဇွန် ၁၂ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်စုငယ်

ဒုတိယညွှန်ကြားရေးမှူး

တရားမဌာနခွဲ-၃၊ ဌာနစု-၄

တရားရုံးချုပ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

1. Sr. ENGINEER {B.E/AGTI (Electrical Power/Mechnical)} ကျား (၃)ဦး
   လုပ်ငန်းအတွေ့အကြုံရှိသူ (အသက် ၄၀နှင့် ၅၅နှစ်ကြား)
2. ENGINEER{B.E/B.Tech / A.G.T.I (Electrical Power/Mechnical)} ကျား (၄)ဦး
3. တရုတ်ဘာသာအရေး၊ အပြော၊ အဖတ်ကျွမ်းကျင်သူ(ဘွဲ့ရ) ကျား/မ (၆)ဦး
4. စာရင်းစစ် (B.Com.,C.P.A) (လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်) မ (၃)ဦး
5. စာရင်းကိုင် (လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်) မ (၃)ဦး
   (စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိသူနှင့် LCCI Level-3 အောင်မြင်ပြီးသူ)
6. Marketing ကျွမ်းကျင်သူ (ဘွဲ့ရ) ကျား/မ (၁၀)ဦး
   (အတွေ့အကြုံရှိပြီး စီမံခန့်ခွဲဦးဆောင်နိုင်သူဖြစ်ရမည်။)
7. Computer ကျွမ်းကျင်သူ (ဘွဲ့ရ) ကျား/မ (၁၀)ဦး
8. အရောင်းဝန်ထမ်း မ (၁၀)ဦး
9. ကျွမ်းကျင်သောယာဉ်မောင်း ကျား (၅)ဦး
10. လုံခြုံရေးဝန်ထမ်း ကျား (၅)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ မျှော်မှန်းလစာ၊ ပညာရေးအထောက်အထား မိတ္တူ၊ ရဲစခန်းထောက်ခံစာ (သို့) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ပူးတွဲ၍ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ ။ ။ **Super One International Co.,(Myanmar) Ltd.**

အမှတ်(၆၆)၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် စက်မှုမေတ္တာလမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇွန် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘဒ္ဒန္တသုန္ဒရ သက်တော် (၇၀) ပြည့်မွေးနေ့ မဟာအောင်သုခဓမ္မာရုံဆောက်ရန် ငွေလှူဒါန်း

တောင်ကြီး ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ် စတုဘုမ္မိကကျောင်းတိုက် နာယကဆရာတော် ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စတုဘုမ္မိကဂိုဏ်း၏ ကျေးဇူးရှင် ဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရ မဟာသဒ္ဓမ္မဇောတိကဓဇသည် သက်တော် (၇၀) ပြည့်မွေးနေ့ဖြစ်တော်မူသော ဇွန် ၃ရက်က စတုဘုမ္မိကကျောင်းတိုက်တွင်မဟာအောင်သုခဓမ္မာရုံဆောက်လုပ်ရန် ငွေကျပ် သိန်း ၅၀၊ တောင်ကြီးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ အလှူငွေကျပ်နှစ်သိန်း၊ တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံအတွင်း သာမဏေကျော်သုံးထပ်ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်း၊ တောင်ကြီးတက္ကသိုလ်ဓမ္မာရုံဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်း၊ တောင်ကြီးမြို့ ချမ်းမြသာစည်ရပ် မေတ္တာရှင်ဆေးရုံနှင့် နာရေးနိဗ္ဗာန်ယာဉ် အကျိုးဆောင်အဖွဲ့သို့ အလှူငွေကျပ်နှစ်သိန်း၊ ရန်ကုန်၊ ဝမ်းတွင်းနှင့် စစ်ကိုင်းအစရှိသောမြို့များရှိ ဘုရား၊ ကျောင်း၊ ဓမ္မာရုံများအတွက် ငွေကျပ်ခုနစ်သိန်း၊ လေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်တစ်သိန်း၊ အိန္ဒိယ၊ နီပေါရှိ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်း ၁၄ကျောင်းသို့ အလှူငွေကျပ်သုံးသိန်း စုစုပေါင်း အလှူငွေကျပ် ၆၇ သိန်းကို အလှူဒါနပြုခဲ့ကြောင်း သိရသည်။ (က-ပ)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့အဝင် မဟာပညာကျော်လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရပင်များ၊ ပန်းအလှပင်များနှင့် မြက်ခင်းအလှများကို အဖွဲ့ဝန်ထမ်းများ အမြဲမပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၂၄ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၁၂) ရပ်ကွက်တွင် မုန်တိုင်း ဒဏ် ကြောင့် ဓာတ်တိုင်များ လဲပြိုပျက်စီးသွားခဲ့ရာ ဇွန် ၁၂ရက်က မြို့နယ်လျှပ်စစ် အုပ်ချုပ်ရေးမှူး ဦးတင်မြင့်အောင် ဦးစီးသော လျှပ်စစ်ကျွမ်းကျင်သူများ၊ ရပ်ကွက် ဥက္ကဋ္ဌဦးဇော်သစ်ဦး၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးအောင်သန်းနှင့် ရပ်မိရပ်ဖများ ပိုင်းဝန်းကူညီမှုဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ကြစဉ်။ (က-ပ)

ခြင်ဆေးဖျန်း

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဇေယျဝတီဈေးတွင် မိုးရာသီကာလ ခြင်နှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ဈေးအတွင်းအပြင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၉ရက်က ဦးစီးအရာရှိ ဦးအောင်သန်းနှင့် ဈေးတာဝန်ခံ ဦးလှမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဟိုပင်မြို့၌ လမ်းတံတားများ ပြုပြင်ဆောင်ရွက်

မိုးညှင်း ဇွန် ၁၂

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့သာယာလှပရေးလုပ်ငန်းများနှင့် လမ်းတံတားများပြုပြင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၁၃ရက်က မိုးညှင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။